# လောကအတွက် သမ္မာတရား



## သင်ခန်းစာ ၁၃ ခုပါဝင်သည်

- ဘုရားသခင် တည်ရှိခြင်း
- ကယ်တင်ခြင်း
- အသင်းတော်
- ဝတ်ပြုကိုးကွယ်ခြင်း
- ခရစ်ယာန် အသက်တာ

© ၂၀၂၀
လောကတွက် သမ္မာတရား

ဤစာအုပ်ကို ပြန်လည်ထုတ်လုပ်ခြင်း နှင့် ဖြန့်ဝေခြင်းများကို မူရင်း စာသားများ ပြုပြင်ပြောင်းလဲခြင်း မပြုလုပ်ပဲ မည်သူမဆို အခမဲ့ ပြုလုပ်နိုင်ပါသည်။

Truth For The World®

# မာတိကာ


သင်ခန်းစာ ၁ ဘုရားသခင်ကို ယုံကြည်နိုင်ခြင်း..............၄

သင်ခန်းစာ ၂ ဘုရားသခင်၏ ဖြစ်ခြင်း..........................၇

သင်ခန်းစာ ၃ ယေရှုသည် အဘယ်သူနည်း ................၁၁

သင်ခန်းစာ ၄ ဘုရားသခင်၏ နှုတ်ကပတ်တော်...........၁၅

သင်ခန်းစာ ၅ သိပ္ပံအတတ်ပညာက သမ္မာကျမ်းစာကို
သက်သေထူ ................................................၂၁

အခန်း ၆ ဘာသာရေး၏အချုပ်အခြာအာဏာ..............၂၄

သင်ခန်းစာ ၇ ပဋိညာဉ်သစ်...................................၂၉

သင်ခန်းစာ ၈ ကယ်တင်ခြင်းအတွက် ခြေလှမ်းများ........၃၁

သင်ခန်းစာ ၉ ယေရှု၏ တည်ထောင်သော အသင်းတော် ၃၆

သင်ခန်းစာ ၁၀ ခရစ်တော်၏အသင်းတော်၌
ဝတ်ပြုကိုးကွယ်ခြင်း ........................................၄၀

သင်ခန်းစာ ၁၁ ခရစ်တော်၏အသင်းတော် ဖွဲ့စည်းပုံ.......၄၄

သင်ခန်းစာ ၁၂ သစ္စာရှိစွာ အသက်ရှင်ခြင်း.................၄၇

သင်ခန်းစာ ၁၃ စပျစ်နွယ်ပင်နှင့် အခက်များ ...............၅၀

# သင်ခန်းစာ ၁ ဘုရားသခင်ကို ယုံကြည်နိုင်ခြင်း

ကျွန်တော်တို့သည် မယုံကြည်မှုတွေ နှင့် ပြည့်သောဤလောကကြီးထဲတွင် နေထိုင်နေကြသည်။ လူများစွာတို့ သည် ဘုရားသခင်ကို အရာခပ်သိမ်း ဖန်ဆင်းသော သူ ဖြစ်ကြောင်း ငြင်းပယ်ကြပြီး ခေတ်သစ် သိပ္ပံ အတတ်ပညာများကို အခြေခံ၍ စာတန်၏ မုသာလိမ်ညာ မှုကို လက်ခံနေကြသည်။ ဤသို့လက်ခံခြင်းသည် သမ္မာတရားနှင့် အလွန်ပင် ဝေးကွာပါသည်။ အရာခပ်သိမ်းကို ဖန်ဆင်းသော ဘုရားသခင်ရှိကြောင်း ယုံကြည်ခြင်းသည် လူ၏ ဆင်ခြင်တုံ တရားနှင့်လည်းကောင်း၊ ခေတ်သစ်သိပ္ပံ စမ်းသပ်မှုနှင့် သော်လည်းကောင်း အလွန်ကိုက်ညီပါသည်။ အရာခပ်သိမ်းတို့သည် ဘုရားသခင်ဖန်ဆင်းကြောင်း ငြင်းပယ်ခြင်းသည် ဆင်ခြင်တုံတရား ကင်းမဲ့နေခြင်းကြောင့်သာဖြစ်သည်။

ဘုရားသခင်သည် အရာခပ်သိမ်းကို ဖန်ဆင်းသော အရှင်ဖြစ်ကြောင်း ယုံကြည်ခြင်းသည် အလွန်တိကျ မှန်ကန်ပါသည်။ အကြောင်းမှာ ဖန်ဆင်းထားသော အရာများက ဖန်ဆင်းရှင်ကို ဖော်ပြနေသောကြောင့်ဖြစ်သည်။ လူတစ်ယောက်သည် အိမ်လှလှလေး တစ်လုံးကို တွေ့မြင်သောအခါ အော် ဒီအိမ်တစ်လုံးရှိနေတာ ငါအံ့သြတယ်ကွာ ဟုပြောဆိုလိမ့်မည်မဟုတ်။ အကြောင်းမှာ ထိုနေရာတွင် အိမ်တစ်လုံးရှိနေခြင်းသည် တစ်ဦးတစ်ယောက်က တည်ဆောင်ထားကြောင်း သူသိနေပါသည်။ ကျွန်တော်တို့၏ ကမ္ဘာမြေကြီးလည်း ထိုနည်းတူစွာပင်ဖြစ်သည်။ အမှန်တရားမှာ အရာ တစ်ခုတည်ရှိနေလျှင် ၄င်းကို ဖန်ဆင်းရှင် (သို့) တည်ဆောက်သောသူ ရှိသောကြောင့်ဖြစ်သည်။ "အိမ်မည်သည်ကား တစ်စုံတစ်ယောက်သော သူ ဆောက်သောကြောင့်ဖြစ်၏။ အလုံးစုံတို့ကို တည်ဆောက်သောသူကား ဘုရားသခင်ပေတည်း"( ဟေဗြဲ ၃း၄)

အရာခပ်သိမ်းကို ဘုရားသခင်ဖန်ဆင်းသည် ဟုယုံကြည်ခြင်းသည် တိကျမှန်ကန်သော ယုံကြည်ခြင်းဖြစ်သည်။ အကြောင်းမှာ အသက်သည် အသက်မှသာ လာနိုင်သည်။ သေနေသော အရာက အသက်ရှင်သော အရာကို မဖြစ်ပွားစေနိုင်ကြောင်း လူတိုင်းနားလည်သည်။

အလယ်ခေတ်ကာလတွင် ဥရောမလူတို့သည် အလွန်ပင် အသိဉာဏ်မဲ့ခဲ့ကြသည်။ သူတို့က အသက်မဲ့သောသူက

အသက်ရှင်သောသူကို မွေးထုတ်ပေးနိုင်သည် ဟူသော "အလိုအလျောက်ဖြစ်ပေါ်ခြင်း" ကို ယုံကြည်ကြသည်။ ၁၉ရာစုတွင် ပြင်သစ်နိုင်ငံသား သိပ္ပံပညာရှင် Louis Pasteur က အလိုအလျောက်ဖြစ်ပေါ်ခြင်းဟူသော ယုံကြည်ခြင်းသည် မှားယွင်းကြောင်းသက်သေထူခဲ့သည်။ အသက်ရှင်သောသူကသာလျှင် အသက်ကို ပေးနိုင်သည်။

ဤကမ္ဘာမြေကြီးနှင့် အထဲ၌ရှိနေကြသော လူများအား ဤအကြောင်းကို ဖော်ပြကြပါစို့။ အရာခပ်သိမ်းတို့သည် မည်ကဲ့သို့ဖြစ်ပေါ်လာသနည်း။ ဖြစ်နိုင်သည့်အကြောင်းရင်း နှစ်ခုသာရှိသည်။ ဤလောကနှင့် အထဲ၌ရှိနေကြသော အရာတို့သည် အတွေးအခေါ်မရှိ၊ အသက်မဲ့သည့် သေနေသော သူမှ ဖြစ်ပေါ်လာသလား။ သို့မဟုတ် အလွန်ထက်မြတ်သော ဉာဏ်ပညာနှင့် ပြည့်စုံသည့် ဘုရားသခင်မှ ဖြစ်ပေါ်လာသလား ဟူ၍ပင်ဖြစ်သည်။ သင်သည် မည်ကဲ့သို့ စဉ်းစားပါသနည်း။

ငှက်သိုက်က သူ့အပေါ်သို့ ထိုင်မည့်သူ ငှက်ကို ဖန်ဆင်းသလား။ သို့မဟုတ် ငှက်က သူထိုင်မည့် အသိုက်ကို ဖန်ဆင်းပါသလား။ ကားက သူ့ကို မောင်းနှင်မည့် လူကို ဖန်ဆင်းပါသလား။ သို့မဟုတ် အသိဉာဏ်ရှိသော လူက သူစီးမည့်ကားကို ဖန်ဆင်းပါသလား။ အသက်မဲ့သော အရာအားလုံးတို့သည် အသက်ရှိသော သူများကသာ ဖန်ဆင်းထားသည်။

ဤကမ္ဘာပေါ်တွင် အသက်ရှင်နေထိုင်ကြသော တိရိစ္ဆာန်များ၊ အပင်များ၊ သတ္တဝါအားလုံးတို့သည် အသက်မဲ့သော အရာများမှ ဖြစ်လာခြင်းမဟုတ်ပဲ အသက်ရှင်သော အရာမှ ဖြစ်ပေါ်လာခြင်းသည် စဉ်းစားတွေးခေါ်စရာပင် မလိုပေ။ တိကျမှန်ကန်စွာ ယုံကြည်နိုင်သည့် အရာတစ်ခုမှာ ကျွန်တော်တို့နေထိုင်သည့် ဤကမ္ဘာပေါ်ရှိ ရှိရှိသမျှသော သက်ရှိသက်မဲ့ အရာခပ်သိမ်းတို့သည် အလွန်တန်းခိုးကြီးမားသော ဘုရားသခင်က ဖန်ဆင်းသောကြောင့်ပင်ဖြစ်သည်။

အရာခပ်သိမ်းတို့သည် ဘုရားသခင်ဖန်ဆင်းထားကြောင်း သံသယရှိစရာမလိုပေ။ အကြောင်းမှာ ဤစကြာဝဠာနှင့် ဖန်ဆင်းထားသောအရာများ၏ ရည်ရွယ်ချက်များကြောင့်ဖြစ်သည်။ ဤစကြာဝဠာ တစ်ခုလုံးသည် သူတို့စည်းမျဉ်းနှင့်သူတို့ လုပ်ရှားနေကြသည်။ သိပ္ပံပညာရှင်များသည် ဤစကြာဝဠာ ထဲ၌ရှိသော အရာများကို လူသားများအတွက် အကျိုးရှိစေနိုင်ရန် အလုပ်လုပ်နေကြသည်။ ဤလောကနှင့် စကြာဝဠာတို့၏ ဖြစ်ပျက်ပုံများက သူတို့ကို ဖန်ဆင်းသော အရှင်ကို ပြသနေကြသည်။

ဤလောကနှင့် စကြာဝဠာ ထဲတွင် ရှိသမျှသောအရာတို့သည်
အမှတ်တမဲ့ဖြစ်ပေါ်နေခြင်းမဟုတ်။ ဥပမာ ဤကမ္ဘာမြေကြီးသည် ေ
နနှင့် မိုင်ပေါင်း ၉၃ သန်းဝေးကွာပါသည်။ ဤကမ္ဘာမြေကြီးသည် ေ
နနှင့် အနည်းငယ် နီးကပ်လာပါက အရည်ပျော်သွားမည်ဖြစ်သည်။
ဤကမ္ဘာမြေကြီးသည် နေနှင့်အနီးငယ် ဝေးကွာသွာ းပါက ေ
ရခဲတုံးဖြစ်သွားနိုင်သည်။ ထို့ကြောင့် ဤအရာတို့သည် အမှတ်တမဲ့ ြ
ဖစ်နိုင်မည်လား။ သို့မဟုတ် အလွန်ကြီးမြတ် ထက်မြတ်သော
ဘုရားသခင်သည် လူသားများအတွက် အသက်ရှင်သန်နိုင်ရန်
ရည်ရွယ်ပြီး ဖန်ဆင်းပါသလား။

ဤကမ္ဘာပေါ်ရှိ ရှိလေသမျှသော အရာအားလုံးတို့သည်
သူ့အလိုအလျောက်ဖြစ်ပေါ်လာသလား။ သို့မဟုတ်
အလွန်ကြီးမြတ်သော ဖန်ဆင်းရှင်ဘုရားသခင် ဖန်ဆင်းပါသလား။

"အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို
ဖန်ဆင်းတော်မူ၏"( ကမ္ဘာဦး ၁း၁ )။ ဤသည် တိကျမှန်ကန်သော
ယုံကြည်ထိုက်သည့်အရာဖြစ်သည်။ အလွန်တန်းခိုးကြီးမားသော
ဘုရားသခင်ကသာလျှင် ဒီကနေ့ ကျွန်တော်တို့နေထိုင်လျှက်ရှိသော
ကမ္ဘာမြေကြီးနှင့် အထဲ၌ ရှိရှိသမျှသော အံ့သြဖွယ်ရာများကို
ဖန်ဆင်းတော်မူသည်။ " ဘုရားသခင်မရှိဟု မိုက်သောသူသည်
ထင်တတ်၏" ( ဆာလံ ၁၄း၁ )

"ဤကမ္ဘာမြေကြီးနှင့်အထဲ၌ ရှိရှိသမျှသော အရာတို့ကို
ဖန်ဆင်းသော ဘုရားသခင်ရှေ့တော်၌ စိတ်နှလုံးနှိမ့်ချစွာ ေ
နကြကုန်အံ့"( တမန်တော် ၁၇း၂၄ )။ "ကျွန်တော်တို့သည်
ဘုရားသခင်အားဖြင့် အသက်ရှင်လျက်၊ လှုပ်ရှားလျက်၊ ြ
ဖစ်လျက်ရှိသည်ကို ဝန်ခံကြကုန်အံ့။"(တမန်တော် ၁၇း၂၈ )။
ဘုရားသခင် တည်ရှိနေခြင်းကို ငြင်းပယ်ခြင်းသည် အလွန်မိုက်မဲသော
လုပ်ရပ်ဖြစ်သည်။

# သင်ခန်းစာ ၂ ဘုရားသခင်၏ ဖြစ်ခြင်း

လူတိုင်းဘုရားသခင်ရှိကြောင်းသိနေသော်လည်း ဘုရားသခင်သည် မည်သူမည်ဝါဖြစ်ကြောင်းနှင့် ပတ်သက်ပြီး ရှုပ်ထွေးမှု ရှိကြသည်။ ဤရှုပ်ထွေးမှုသည် ဘုရားသခင်၏ ဖြစ်ခြင်း ဂုဏ်ပုဒ်အမှန်ပေါ်တွင် မှားယွင်းစွာ သွန်သင်သော မှားယွင်းသော ဆရာများကြောင့် ဖြစ်သည်။ ကျွန်တော်တို့သည် သမ္မာကျမ်းစာ တစ်အုပ်လုံးကို ဖတ်ရှု လေ့လာသောအခါ ဘုရားသခင်၏ဖြစ်ခြင်းနှင့် ဘုရားသခင်သည် မည်သူမည်ဝါဖြစ်ကြောင်းကို ရှင်းလင်းစွာ သိနိုင်သည်။

ကျွန်တော်တို့သည် "လူ့ဘာဝ"ဟူသောစကားလုံးကို ပြောဆိုသောအခါ လူတစ်ဦးတစ်ယောက်၏ ဖြစ်ခြင်း ဂုဏ်ပုဒ်ကို ပြောဆိုနေခြင်းဖြစ်သည်။ လူ၏ သဘာဝတစ်ခုတည်းသာရှိသည်။ လူ့ဘာဝဟု ပြောဆိုသောအခါ လူတစ်ယောက်တည်း အကြောင်းကို ပြောဆိုနေခြင်းမဟုတ်ပဲ လူထောင်ပေါင်းများစွာတို့၏ အကျင့်စရိုက်ကို ပြောဆိုနေခြင်းဖြစ်သည်။

ထိုနည်းတူစွာ ကျွန်တော်တို့သည် ဘုရားသခင်ဟုပြောဆိုသောအခါ ကျွန်တော်တို့သည် ဘုရားသခင်၏ ဖြစ်ခြင်းဂုဏ်ပုဒ်များကို ပြောဆိုနေခြင်းဖြစ်သည်။ ဘုရားသခင်၏ ဂုဏ်ပုဒ်ဟု ပြောဆိုသောအခါ ဘုရားသခင်၏ ဖြစ်ခြင်း ဂုဏ်သတ္တိနှင့် သူ၏ ဘုန်းတန်းခိုး အနှသော်များကို ပြောဆိုခြင်းဖြစ်သည်။ ဘုရားသခင်တစ်ဆူတည်း ရှိသောကြောင့် ဘုရားသခင်၏ ဂုဏ်ပုဒ်လည်း တစ်ခုတည်းသာရှိသည်။ ဘုရားသခင်တစ်ဆူတည်းရှိသော်လည်း ဘုရားသခင်နှင့် ထပ်တူအရည်အချင်းရှိသည့် ပုဂ္ဂိုလ်သုံးပါးရှိသည်။ ထိုသူတို့မှာ ခမည်းတော်ဘုရား၊ သားတော်ဘုရားနှင့် သန့်ရှင်းသောဝိညာဉ်တော်ဘုရား တို့ဖြစ်ကြသည်။

ဘုရားသခင်၏ဖြစ်ခြင်း ဂုဏ်ပုဒ် ရှိသူ သုံးပါးရှိသည်ဟုပြောသောအခါ ဘုရားသခင်သုံးပါးရှိသည်ဟု ပြောဆိုနေခြင်းမဟုတ်ပါ။ သတိထားရမည့်အချက်မှာ "ဘုရားသခင်"ဟုဆိုရာတွင် ဘုရားသခင်၏ ဂုဏ်ပုဒ်ကို ပြောဆိုနေခြင်းဖြစ်ပြီး ဘုရားသခင်၏ ဂုဏ်ပုဒ်ကို ပိုင်ဆိုင်သောသူများကို ဆိုလိုခြင်းမဟုတ်ပါ။ ဘုရားသခင်တစ်ဆူတည်းရှိပြီး ဘုရားသခင်၏ ဂုဏ်ပုဒ်ကို ပိုင်ဆိုင်သူ တစ်ပါးတည်းသာရှိသည်။

သမ္မာကျမ်းစာက ဘုရားသခင်၏ ဂုဏ်ပုဒ်ရှိသော

တစ်ဆူတည်းသော ဘုရားသခင်ရှိကြောင်းသွန်သင်သည်။ " ဟေ
ရှာယ ၄၄း၆ ဣသရေလလူမျိုး၏ ရှင်ဘုရင် ထာဝရဘုရား၊
ဣသရေလ အမျိုးကို ရွေးတော်မူသော ကောင်းကင်ဗိုလ်ခြေ
အရှင်ထာဝရဘုရား မိန့်တော်မူသည်ကား ငါသည်
အဦးဆုံးသောသူ၊ နောက်ဆုံးသောသူဖြစ်၏။ ငါမှတပါး အခြားသော
ဘုရားသခင်မရှိ၊ " ဂလာတိ ၃း၂၀ က ဘုရားသခင်သည်
တစ်ဆူတည်းရှိကြောင်းပြောသည်။ မာကု ၁၂း၃၂ "
ကျမ်းပြုဆရာကလည်း အရှင်ဘုရား အကယ်စင်စစ် ကိုယ်တော်သည်
လျှောက်ပတ်စွာ မိန့်တော်မူပြီ။ ဘုရားသခင်တစ်ဆူတည်းရှိတော်မူ၏"
ယာကုပ် ၂း၁၉၊ ရောမ ၃း၃၀။

သတိထားရမည့်အချက်မှာ
ဘုရားသခင်တစ်ဆူတည်းရှိသော်လည်း ဘုရားသခင်၏
ဖြစ်ခြင်းဂုဏ်ပုဒ်ကို ထပ်တူထပ်မျှ ပိုင်ဆိုင်သူ
ပုဂ္ဂိုလ်သုံးပါးရှိသည်။ မှတ်ချက်။။ တရားဟောရာကျမ်း
၆း၄ " အိုဣသရေလအမျိုးနားထောင်လော့။
ငါတို့ဘုရားသခင်ထာဝရဘုရားသည် တစ်ဆူတည်းသော
ထာဝရဘုရားဖြစ်တော်မူ၏။ " ဤကျမ်းချက်ရှိ တစ်ဆူတည်းဟူသော
ဟေဗြဲစကားလုံး၏ အဓိပ္ပါယ်မှာ စည်းလုံးညီညွတ်ခြင်းဖြစ်သည်။
ဤကျမ်းချက်က ဘုရားသခင်သည် အရေအတွက်အားဖြင့်
တစ်ပါးတည်းကို ဆိုလိုခြင်းမဟုတ်ပဲ ဘုရားသခင်၏ ဖြစ်ခြင်းဂုဏ်ပုဒ်
ရှိနေကြသော ပုဂ္ဂိုလ်တို့သည် စည်းလုံးညီညွတ်နေကြသည် ကို
ပြောဆိုနေခြင်းဖြစ်သည်။ ဤအရာကို ဘောလုံးသင်းတစ်သင်းကို
ဦးဆောင်နေသော နည်းပြဆရာက စည်းလုံးညီညွတ်စွာ
ကစားကြရန် ပြောဆိုနေခြင်းနှင့် ထပ်တူသည်။ နည်းပြဆရာက
တစ်သင်းလုံးစည်းလုံးညီညွတ်စွာ ကစားကြရန် အမိန့်ပေးနေသည်။
သို့သော် အသင်းတစ်သင်းထဲတွင် လူတစ်ဦးတည်းသာ
ရှိနေသည်မဟုတ်ပါ။

ကမ္ဘာဦးကျမ်း ၁း၂၆ တွင် ဘုရားသခင်မိန့်တော်မူသည်မှာ
"ငါတို့နှင့် သဏ္ဍာန်နှင့် အညီလူကို ဖန်ဆင်းကြစို့"။ သတိထားရမည့်
အချက်မှာ ဤနေရာတွင် ဘုရားသခင်က မိမိကိုယ်ကိုယ် ငါ့တို့
ပြောဆိုနေခြင်း ပင်ဖြစ်သည်။

ဘုရားသခင်တစ်ဆူတည်းရှိသည်။ သို့သော် ဘုရားသခင်၏
ဖြစ်ခြင်းဂုဏ်ပုဒ် ကို ထပ်တူထပ်မျှ ပိုင်ဆိုင်သူ ပုဂ္ဂိုလ် သုံးပါးရှိသည်။
ထိုပုဂ္ဂိုလ်သုံးပါးတို့သည် လုပ်ဆောင်မှု ကဏ္ဍနှင့် လုပ်ဆောင်ရမည့်
ရည်ရွယ်ချက်တို့တွင် ကွဲပြားမှုရှိသည်။ ထိုပုဂ္ဂိုလ်သုံးပါးတို့သည်
စည်းလုံးညီညွတ်ခြင်းနှင့် ဘုရားသခင်ဖြစ်ခြင်းတွင်
ထပ်တူထပ်မျှဖြစ်သည်။

ဤကျမ်းချက်ကို ထပ်လေ့လာကြပါစို့။
ဖေက် ၄း၆ "ခပ်သိမ်းသော ငါတို့၏အဘဖြစ်သော ဘုရားသခင်တစ်ဆူတည်းရှိတော်မူ၏။ ထိုဘုရားသခင်သည် ခပ်သိမ်းသော ငါတို့၏အပေါ်တွင် ရှိတော်မူ၏။ ခပ်သိမ်းသောငါတို့အတွင်းမှ ပြန့်နှံ့စေတော်မူ၏။ ခပ်သိမ်းသော ငါတို့၏အထဲ၌လည်း ရှိတော်မူ၏။ " ။ ဤနေရာတွင် ရှင်ပေါလုက တစ်ဆူတည်းသော ခမည်းတော်ဘုရားသခင်ကို ဖော်ပြနေသည်။
ရှင်မသဲ ၁း၂၃ " ကြည့်ရှုလော့။ သတို့သမီးကညာသည် ပဋိသန္ဓေစွဲယူ၍ သားယောကျ်ားကို ဖွားမြင်လတံ့။ ထိုသားကို ဧမာနွေလ အမည်ဖြင့်မည့်ရလတံ့။ ဧမာနွေလ အနက်ကား ငါတို့နှင့်အတူ ရှိတော်မူသော ဘုရားသခင်ဟု ဆိုလိုသတည်း။" ဤကျမ်းချက်တွင် သားတော်သည် ဘုရားသခင်အဖြစ် ရည်ညွှန်းဖော်ပြထားသည်။ ယောဟန် ၃း၁၆ ။ နောက်ဆုံးအနေဖြင့် ဘုရားသခင်၏ဖြစ်ခြင်းကို ဖော်ပြသော ကျမ်းချက်မှာ တမန်တော် ၅း၃-၄ " ပေတရု ကလည်း အာနနိ သင်သည် သန့်ရှင်းသော ဝိညာဉ်တော်ကို လှည့်စား၍ မြေရောင်းသော အဖိုး၏ တစ်ဖို့ကို ထိမ်ဝှက်မည့်အကြောင်း စာတန်သည် သင်၏ စိတ်နှလုံးကို အဘယ်ကြောင့်ပြည့်စေရသနည်း။ ထိုမြေရှိစဉ်တွင် ကိုယ်ပိုင်သည်မဟုတ်လော။ ရောင်း၍ရသော  အဖိုးသည် ကိုယ်ဥစ္စာဖြစ်သည်မဟုတ်လော။ အဘယ်ကြောင့် ဤသို့ ကြံစည်သနည်း။ လူကိုသာ မုသာ ပြောသည်မဟုတ်။ ဘုရားသခင်ကို လည်းမုသာပြောပြီဟု ပေတရု ဆို၏။" ဤနေရာတွင် ပေတရုက အာနနိအား လူကိုသာ မုသာပြောသည် မဟုတ်။ သန့်ရှင်းသော ဝိညာဉ်တော် ဘုရားသခင်ကို မုသာ ပြောပြီဟု သုံးနှုန်းထားသည်။ ထို့ကြောင့် ဤ ပုဂ္ဂိုလ်သုံးပါးတို့သည် တစ်ဆူတည်းသော ဘုရားသခင်ဖြစ်သည်။

ဘုရားသခင်သည် အဘယ်သူနည်း။ ကျွန်တော်တို့၏ သမ္မာကျမ်းစာ ပထမဆုံး ကျမ်းချက်တွင် ဘုရားသခင်သည် မည်သူ မည်ဝါဖြစ်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားသည်။ ကမ္ဘာဦး ၁း၁ " အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏" ။ ဤနေရာတွင် ဘုရားသခင်သည် ဖန်ဆင်းရှင် ဖြစ်ကြောင်းတွေ့နိုင်သည်။ ဤကျမ်းချက်က ဘုရားသခင်သည် အလွန်တန်းခိုးကြီးသော ဘုရားသခင်ဖြစ်ကြောင်း ရှင်းလင်းစွာဖော်ပြပါသည်။

အခြားအရေးကြီးသော ဘုရားသခင်၏ အကြောင်းကို အနည်းငယ် စဉ်းစားကြည့်ကြပါစို့။

၁။ ဘုရားသခင်သည် ထာဝရဖြစ်သည်။ ဘုရားသခင်သည်

အစမရှိ အဆုံးမရှိသော ဘုရားဖြစ်သည်။ ( ဆာလံ ၉၀း၂ )

၂။ ဘုရားသခင်သည် အနန္တတန်းခိုးရှင်ဖြစ်သည်။ ဘုရားသခင်သည် ကျွန်တော်တို့ လူသားများကို ၄င်း၊ ကောင်းကင်နှင့်မြေကြီး ကို ဖန်ဆင်းသောသူဖြစ်သည်။

၃။ ဘုရားသခင်သည် အရာခပ်သိမ်းကို သိတော်မူသည်။ ( သု ၅း၂၁၊ ၁ယော ၃း၂၀ )

၄။ ဘုရာသခင်သည် နေရာတိုင်း၌ ရှိတော်မူသော ဘုရားဖြစ်သည်။ ( ဆာလံ ၁၃၉း၇-၁၀၊ ရာဇဝင်ချုပ် ဒုတိယစောင် ၁၆း၉။

၅။ ဘုရားသခင်သည် စုံလင်တော်မူသည်။ ( ၁ယော ၁း၅ )။

၆။ ဘုရားသခင်သည် ပြောင်းလဲခြင်းမရှိ။ ( ဟေဗြဲ ၁၃း၈ )

၇။ ဘုရားသခင်သည် နံ့ဝိညာဉ်ဖြစ်တော်မူသည်။ ( ယော ၄း၂၄၊ လုကာ ၂၄း၃၉ )

ထိုဘုရားသခင်သည် သင်နှင့် ကျွန်တော်တို့ ကိုးကွယ်သော ဘုရားဖြစ်သည်။

# သင်ခန်းစာ ၃ ယေရှုသည် အဘယ်သူနည်း

ယေရှုသည် အဘယ်သူနည်း။ သူသည် ဤလောကသို့ ကြွလာတော်မူသောအခါ ဤသူသည် အဘယ်သူနည်းဟု မေးမြန်းခဲ့ကြသည်။ သူသည် လူသားတစ်ဦးမျှလား သို့မဟုတ် ဤလောက၏ ကယ်တင်ရှင် ဘုရားသခင်၏ သားတော်လား။ ၎င်း မေးခွန်းများ၏ အဖြေများကို သမ္မာကျမ်းစာထဲတွင် တွေ့နိုင်သည်။

သမ္မာကျမ်းစာ၏ ပထမဆုံးနေရာတွင် ယေရှုသည် ဘုရားသခင်အဖြစ် ဖော်ပြသည်။ ပရောဖက် ဟေရှာယကို သူ့ကို " တန်ခိုးကြီးသော ဘုရားသခင်"ဟု ခေါ်ဆိုသည်။ ( ဟေရှာယ ၉း၆-၇)။ ရှင်ယောဟန် ၁း၁-၃ နှင့် ၁၄ ထဲတွင် ယေရှုသည် ဘုရားသခင်ဖြစ်သော ထိုနှုတ်ကပတ်တော်သည် လူ့ဇာတိ ကို ခံယူ၍ လူတို့ အထဲ၌ ကိန်းဝပ် သည်ဟု ဆိုသည်။ ဟေပြဲ ၁း၈ တွင် "သားတော်ကို ကား အိုဘုရားသခင် ကိုယ်တော်၏ ပလ္လင်သည် နိစ္စထာဝရ ပလ္လင်ဖြစ်ပါ၏။ ကိုတော်၏ နိုင်ငံသည် တရားသဖြင့် စီရင်သော နိုင်ငံဖြစ်ပါ၏ "ဟုဆိုသည်။ ယောဟန် ၃း၁၆ တွင် ယေရှုသည် ဤလောက၏ အပြစ်မှ ကယ်တင်ရန် ဘုရားသခင်၏သားတော်စေလွှတ်သည်ဟု ဆိုသည်။ ယေရှုသည် သမ္မာကျမ်းစာထဲ၌ ဖော်ပြသည့်အတိုင်း ဘုရားသခင်ဖြစ်သည်။ သူသည် ဘုရားသခင်၏ သားတော်အဖြစ်၎င်း၊ ခရစ်တော် ( ဘိသိက်ခြင်းခံသောသူ ) အဖြစ်၎င်း၊ အသက်ရှင်သော နှုတ်ကပတ်တော် အဖြစ်၎င်း၊ ဘုရားသခင်အဖြစ်၎င်း ဖော်ပြသည်။ ယေရှုသည် လူကောင်းတစ်ယောက် (သို့ ) ကောင်းသော ဆရာ တစ်ဦးမျှ မဟုတ်ပေ။

ဒုတိယအချက်မှာ ယေရှုက သူသည် ဘုရားသခင်ဖြစ်ကြောင်း ပြသခဲ့သည်။ ဘုရားသခင်မှ တစ်ပါး အဘယ်သူသည် ဖန်ဆင်းနိုင်စွမ်းရှိပါသနည်း။ ရှင်ယောဟန် ၁း၁-၃ ကို ဖတ်ရှုသောအခါ အရာခပ်သိမ်းတို့သည် ယေရှုခရစ်တော်အားဖြင့် ဖန်ဆင်းကြောင်းပြောသည်။ ဘုရားသခင်မှ တစ်ပါး အဘယ်သူကို ကိုးကွယ်ရမည်နည်း။ သမ္မာကျမ်းစာရှိ ကျမ်းချက် မသဲ ၄း၁၀၊ ဗျာဒိတ် ၁၉း၁၀ နှင့် ဗျာဒိတ် ၂၂း၉ တို့က လူသည် ဘုရားသခင်ကို သာ ကိုးကွယ်ရမည်ဖြစ်ကြောင်း ဖော်ပြသည်။ ယေရှုသည် ဤလောကတွင် အသက်ရှင်စဉ် အခါ လူများ၏ ကိုးကွယ်ခြင်းကို လက်ခံခဲ့သည်။ ( မသဲ ၂း၈၊ မသဲ ၉း၁၈) ။ ထို့ကြောင့် ယေရှု သည် ဘုရားသခင်ဖြစ်တော်မူသည်။ ယေရှုသည်

ထာဝရဘုရားသခင်ဖြစ်တော်မူသည်။ ယေရှုသည် ဖန်ဆင်းခံ ေ
သာသူ မဟုတ်။ ယေရှုသည် ဖန်ဆင်းရှင်ဖြစ်တော်မူသည်။ ေ
ယရှုသည် အရာခပ်သိမ်းကို ဖန်ဆင်းသော အသက်ရှင်သော
နတ်ကပတ်တော်ဖြစ်သည်။

ကောလောသဲသြဝါဒစာစောင်က ယေရှု၏
ဘုရားသခင်ဖြစ်ခြင်းကို ရှင်းပြသည်။ ( ကော ၁း၁၃-၂၀ )
ဖိလိပ္ပိသြဝါဒစာထဲတွင် ၂း၉-၁၁ ထဲတွင် ရှင်ပေါလုက ဤသို့ ေ
ရးသားသည်။ " ထို့ကြောင့် ဘုရားသခင်သည် ကိုယ်တော်ကို
အလွန်ချီးမြောက်၍ ဘွဲ့နာမ တကာတို့ထက် ကြီးမြတ်သော ဘွဲ့နာမကို
ပေးသနားတော်မူပြီ။ အကြောင်းမူကား ကောင်းကင်သတ္တဝါ၊ ေြ
မကြီးသတ္တဝါ၊ မြေကြီးအောက်၌ရှိသော သတ္တဝါတည်းဟူသော
ခပ်သိမ်းသော သတ္တဝါတို့သည် ယေရှု၏ ဘွဲ့နာမတော်ကို
ဒူးထောက်၍ ယေရှုခရစ်သည် သခင်ဖြစ်တော်မူသည် ဟု န
တ်ဖြင့် ဝန်ခံသဖြင့် ခမည်းတော်ဘုရား၏ ဘုန်းအသားရေတော်ကို
ထင်ရှားစေမည့်အကြောင်းတည်း"။ ထို့ကြောင့်ယေရှုသည် ေ
ကာင်းကင် တမန်ထက် သော်လည်းကောင်း၊ ပရောဖက်
တစ်ပါးထက်သော်လည်းကောင်း ကြီးမြတ်ပါသည်။ ေ
ယရှုသည် ဘုရားသခင်ဖြစ်တော်မူသည်။ ဘုရားသခင်၏
သားတော်လည်းဖြစ်တော်မူသည်။

အဘယ်သူသည် အပြစ်ကို လွှတ်ပိုင်သောသူ ဖြစ်သနည်း။
ယေရှုသည် ဤလောကတွင် ရှိစဉ်အခါ အပြစ်ကို လွှတ်နိုင်သော
တန်ခိုးနှင့် အခွင့်အာဏာ ကျန်းမာခြင်းကို ပေးနိုင်သည်။ ( မာကု ၁း၁-၁၂
)။ ဘုရားသခင် တစ်ပါးတည်းသာလျှင် အပြစ်ကို လွှတ်နိုင်သည်။
ယေရှုသည် ဤလောကတွင် ရှိစဉ်အခါ အပြစ်ကို လွှတ်နိုင် ေ
သာကြောင့် သူသည် ဘုရား းသခင်ဖြစ်တော်မူသည်။

နောက်ဆုံးအနေဖြင့် ကျွန်တော်တို့ မှတ်သားရမည်မှာ ေ
ယရှုသည် ခမည်းတော်ဘုရားနှင့် တစ်လုံးတစ်ဝတည်းဖြစ်သည်။ ေ
ယာဟန် ၁၀း၁၀ ကို ဖတ်ရှုသောအခါ " ငါသည် ခမည်းတော်နှင့်
တစ်လုံးတစ်ဝ တည်းဖြစ်သည်"ဟု မိန့်တော်မူသည်။
ဤစကားလုံးတို့သည် ယေရှုနှင့် ခမည်းတော်ဘုရားသခင် တို့၏
ဆက်စပ်ပုံကို ဖော်ပြနေခြင်းဖြစ်သည်။ သူတို့သည် ပုံသဏ္ဌာန် ၊
ရည်ရွယ်ချက်နှင့် သွန်သင်ချက်တို့တွင် တစ်လုံးတစ်ဝတည်းဖြစ်သည်။
တစ်ခါတွင် တပည့်တော် ဖိလိပ္ပုက ယေရှုကို ဤသို့ မေးမြန်းခဲ့သည်။
"ဖိလိပ္ပု က လည်း သခင် ခမည်းတော်ကို အကျွန်ုပ်တို့အား ြ
ပတော်မူပါ။ ထိုသို့ ပြတော်မူလျှင် အကျွန်ုပ်တို့ အလိုပြည့်စုံပါမည်ဟု
လျှောက်လျှင်၊ ယေရှုက ဖိလိပ္ပု ဤမျှကာလပတ်လုံး ငါသည်
သင်တို့နှင့်အတူ ရှိပြီးမှ သင်သည် ငါ့ကို မသိသေးသလော။

ငါ့ကို မြင်သောသူသည် ခမည်းတော်ကို မြင်၏။ သို့ဖြစ်လျှင်
ခမည်းတော် ကို အကျွန်ုပ်တို့အား ပြတော်မူပါဟု သင်သည်
အဘယ်ကြောင့်ဆိုရသနည်း”။( ယောဟန် ၁၄း၈-၉)။
ဖိလိပ္ပိြသြဝါဒစာ ၂း၅-၈ ထဲတွင် ယေရှုသည်
ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်း ဖြစ်ကြောင်း ကို ဖော်ပြသည်။
“ ယေရှုခရစ်၌ရှိသော ထိုစိတ်သဘောကို သင်တို့၌လည်း
ရှိစေကြလော့။ ထိုသခင်သည် ဘုရား သခင်၏ သဏ္ဌာန်တော်နှင့် ြ
ပည့်စုံတော်မူသည်ဖြစ်၍ ဘုရားသခင်နှင့် ပြိုင်သောအမှုကို လုယူခြင်း
အမှုဟူ၍ မထင်မှတ်လျှက်ပင်၊ မိမိအသရေကို စွန့်၍ အစေခံကျွန် ၏
 သဏ္ဌာန် ကို ဆောင်ယူလျှက် လူကဲ့သို့သော အဖြစ် ၌ ဖွားမြင်ခြင်းကို
ခံတော်မူ၏။ ထိုသို့လူ၏ ကိုယ်အင်္ဂါလက္ခဏာနှင့် ပြည့်စုံလျှက်
အသေခံခြင်းသာမဟုတ် လက်ဝါးကားတိုင်မှာ အသေခံခြင်းတိုင်အောင်
အစေခံကျွန်၌ ကိုယ့်ကိုယ်ကို နှိမ့်ချတော်မူ၏။”
ဤလောကတွင် အသက်ရှင်ဖူးသမျှထဲတွင် ေ
ယရှုကဲ့သို့သောသူ တစ်ဦးတစ်ယောက်မျှ မရှိ။ ယေရှု
သည် ဘုရားသခင်၏ သားတော်ဖြစ်တော်မူသည်။ သူသည်
လူသားတစ်ဦးမျှသာ မဟုတ်။ သူသည် ကောင်းကင် တမန်တစ်ပါး
ကဲ့သို့မဟုတ်။ ယေရှုသည် ဖန်ဆင်းခံသောသူမဟုတ်။ သူသည် ေ
ကာင်းကင် သမန်အားလုံးထက် ကြီးမြတ်သည်။ ဟေဗြဲသြဝါဒစာစောင်
တစ်အုပ်လုံးသည် မောရှေ၏ ပညတ်တော် ဟောင်း နှင့် ခရစ်တော်၏
ပဋိညာဉ်သစ် နှစ်ခုကို နှိုင်းယှဉ်သော စာအုပ်ဖြစ်သည်။ ေ
ဟဗြဲသြဝါဒစာစောင်က ယေရှုသည် အရာခပ်သိမ်း၏ အထက်တွင်
ချီးမြှောက်သည်။ ဟေဗြဲသြဝါဒ စာစောင်သည် ဤသို့ အစပြုသည်။
“ ရှေးလွန်လေပြီးသောအခါ ပရောဖက်များအားဖြင့် ဘိုးဘေးတို့အား
အထပ်ထပ်အနည်းနည်း ဗျာဒိတ် ပေးတော်မူသော ဘုရားသည်
ဤနောက်ဆုံးသော ကာလ အခါ မိမိသားတော်အားဖြင့်
ငါတို့အား ဗျာဒိတ် ပေးတော်မူပြီ။ ထိုသားတော်ကို အလုံးစုံတို့၏
အမွေခံသခင်အရာ၌ ခန့်ထားတော်မူ၏။ သားတော်အားဖြင့် လည်း ေ
လာကဓာတ်တို့ကို တည်တော်မူ၏။ ထိုသားတော်သည် ဘုရားသခင်၏
ဘုန်းရောင်ခြည်နှင့် ဘုရား အဖြစ်တော်၏ တန်ခိုးနှင့်ပြည့်စုံသော
မိမိအမိန့်တော်အားဖြင့် ခပ်သိမ်းသော အရာတို့ကို တည်ရှိတည်တော်မူ
လျှက် ငါတို့အပြစ်များကို ကိုယ်တော်တိုင် သုတ်သင်ပယ်ရှင်းပြီးလျှင် ြ
မင့်သောအရပ်မှာ တန်ခိုးအာနုဘော်၏ လက်ယာ၌ ထိုင်တော်မူ၏။ ေ
ကာင်းကင်တမန်တို့ ရသော ဘွဲ့နာမထက် ထူးမြတ်သော ဘွဲ့နာမ ကို
ခံရသည်နှင့် အညီ ကောင်းကင် တမန်တို့ထက်ကြီးမြတ်သော သူ ြ
ဖစ်တော်မူ၏”။ ( ဟေဗြဲ ၁း၁-၄ )။
ကျွန်တော်တို့သည် ဘုရားသခင်၏ အမိန့်တော်များကို

မနာခံဘဲ အပြစ်ကို ကျူးလွန်ကြသောအခါ ကျွန်တော်တို့၏ ဝိညာဉ်သည် ဘုရားသခင်နှင့် ကင်းကွာလျက်ရှိ၏။ အပြစ်တရား၏အခသည် သေခြင်းဖြစ် သည်။ ( ရောမ ၆း၂၃ )။ သေခြင်းဆိုသည်မှာ ခွဲခွါခြင်းဖြစ်သည်။ ဘုရားသခင်ထံတော်သို့ ပြန်လည် ရောက်ရှိ နိုင်မည့် တစ်ခုတည်းသော လမ်းမှာ ယေရှု၏ စကားတော်ကိုနားထောင်ခြင်းသာလျှင် ဖြစ်သည်။ " ယေရှုက ငါသည် လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ အရောက်ရ"။ ( ယောဟန် ၁၄း၆ ) ယေရှုမိန့်တော်မူသည်မှာ သူသည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်းကို ယုံကြည်ရန်ဖြစ်သည်။ ( ယောဟန် ၈း၂၄ )။

ကျွန်တော်တို့သည် အပြစ်မှ နောင်တ ရရမည်။ နောင်တဟု ဆိုရာတွင် ကျွန်တော်တို့၏ မှားယွင်းသော အသက်ရှင်ခြင်း၊ အပြစ်ကျူးလွန်ခြင်းမှ စိတ်ပြောင်းလဲကာ ဘုရားသခင်ထံပြန်လာခြင်းကို ဆိုလိုသည်။ ( လုကာ ၁၃း၃ )။

ထို့နောက်ကျွန်တော်တို့သည် ယေရှုခရစ်တော်ကို ဘုရားသခင်၏ သားတော်အဖြစ် ဝန်ခံ၍ အပြစ်မှ ခွင့်လွှတ်ခြင်းရရန် ဗတ္တိဇံခံရမည်။ ( တမန်တော် ၈း၃၆-၃၉)။ ထိုသို့ပြုလုပ်ပါက ကျွန်တော်တို့သည် သန့်ရှင်းသောသူဖြစ်ပြီး ဘုရားသခင်ကိုယ်တိုင်က မိမိအသွေးဖြင့် ရွေးဝယ်ထားသော သူ့အသင်းတော်ထဲသို့ ပေါင်းထည့်မည်ဖြစ်သည်။ ( တမန်တော် ၂း ၄၁-၄၇၊ တမန်တော် ၂၀း၂၈၊)။ အသင်းတော်သည် ခရစ်တော် ၏ ခန္ဓာကိုယ်ဖြစ်သည်။ ( ဧဖက် ၁း၂၂-၂၃ ) ယေရှုက အသင်းတော်ဖြစ်သော သူ့ ခန္ဓာကိုယ်၌ သစ္စာရှိသော သူများကို ကယ်တင်ရန် ကတိတော်ထားခဲ့သည်။ ( ဗျာဒိတ် ၂း၁၀၊ ဧဖက် ၅း၂၃)။

# သင်ခန်းစာ ၄ ဘုရားသခင်၏ နှုတ်ကပတ်တော်

လူပေါင်းများစွာ တို့သည် သမ္မာကျမ်းစာကို ဘုရားသခင်၏နှုတ်ကပတ်တော်အဖြစ် သော်လည်းကောင်း ဘုရားသခင်ကိုယ်တော်တိုင် ကျွန်တော်တို့အား ဖွင့်ပြတော်မူခြင်းအဖြစ်သော်လည်းကောင်း ငြင်းပယ်ကြ သော်လည်း အခြားလူများစွာကမူ သမ္မာကျမ်းစာသည် ဘုရားသခင်၏နှုတ်ကပတ်တော်ဖြစ်ကြောင်း ရှင်းလင်း စွာ သိမြင်ယုံကြည်ကြသည်။ ကျွန်တော်တို့သည် သမ္မာကျမ်းစာကို မိမိဘဝ၏ တစ်ခုတည်းသော အချုပ်အခြာ အာဏာအဖြစ် သိမြင်၍လေးစားပြီး နာခံရမည် ဖြစ်သည်။ ကျွန်တော်တို့ သမ္မာကျမ်းစာကို မိမိအသက်တာ တွင် နာခံလိုက်လျှောက်ခြင်းအားဖြင့် ဝမ်းမြောက်ခြင်း၊ နှစ်သိမ့်ခြင်းနှင့် ထာဝရ မျှော်လင့်ခြင်းများကို ရရှိနိုင်သည်။

တိမောသေသြဝါဒစာ ဒုတိယစောင် ၃း၁၆-၁၇ တွင် တမန်တော်ပေါလု က ဤသို့ ပြောဆိုသည်။ " ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်အသက် မှုတ်သွင်းတော်မူခြင်းအားဖြင့်ဖြစ်၍ ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလို့ငှါ ပြင်ဆင်သောသူ ဖြစ်မည့်အကြောင်း၊ သြဝါဒပေးခြင်း၊ အပြစ်ကို ဖော်ပြခြင်း၊ ဖြောင့်မတ်စွာပြုပြင်ခြင်း၊ တရားကို သွန်သင်ခြင်းကျေးဇူးကို ပြုတတ်၏။" နှုတ်ကပတ်တော်သည် မူရင်း ဂရိစကား "ဖွင့်ပြခြင်း" ကို ဘာသာပြန်စားခြင်းဖြစ်ပြီး ဆိုလိုသည်မှာ "ဘုရားသခင်အသက်မှုတ်သွင်းသည်" ဟူ၍ဖြစ်သည်။ သမ္မာကျမ်းစာထဲတွင် ရှိသော ကျမ်းစကားများသည် ဘုရားသခင်၏ အသက်သွင်းထားသော စကားတော်များဖြစ်သည်။ ကျမ်းစကားများသည် ဘုရားသခင်က လူတို့အား ဆက်သွယ်လိုသည် အကြောင်းအရာများကို မှတ်တမ်းတင်ထားသည်။ အခြားအရာဘာမျှမရှိ။ ကျွန်တော်တို့ လိုအပ်သမျှတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ပြည့်စုံသည်။

သို့သော်လည်း အခြေအနေပေါ် မူတည်ပြီး ဆန့်ကျင်သူများက အခြေအမြစ်မရှိပဲ ပြောဆိုနေကြသည်။ ထိုငြင်းခုံမှုများကို ဤစာအုပ်က ဘုရားသခင်၏ မှုတ်သွင်းတော်မူခြင်း ဖြစ်ကြောင်း ကျွန်တော်တို့အား ရှင်းလင်းစွာ ပြသည်။ ဤစာအုပ်သည် ဘုရားသခင်၏စာအုပ် ၊ သူ၏စကားတော်များ မှုတ်သွင်းထားသည်။

ပြင်ဆင်ခြင်း

နှစ်ပေါင်း ၁၅၀၀ အတွင်း မတူညီသော စာရေးသူ
၄၀ ကျော်က ရေးသားထားသည်။ ဤ ဘုရားသခင် ၏
 နှုတ်ကပတ်တော်သည် မည်ကဲ့သို့ တစ်ခုနှင့်ပ တစ်ခု ထပ်တူထပ်မျှ
တူညီနိုင်ပါသနည်း။ မှန်ပါသည်။ အကြောင်းမှာ စီစဉ်ညွှန်ကြားသူသည်
အလွန်တန်ခိုးကြီးသော ဘုရားသခင်ကိုယ်တော်တိုင် ဖြစ်သော ေ
ကြာင့် ဖြစ်သည်။

ကျွန်တော်တို့သည် ကျောက်တုံး ကြီးကြီးတစ်ခုကို
ထုခွဲကာ ပန်းပုဆရာ အယောက် ၄၀ ထံသို့ ပေးလိုက် ြ
ခင်းနှင့်တူပါသည်။ ထိုပန်းပုဆရာတို့သည် မိမိတို့ရရှိထားသော ေ
ကျာက်တုံးကလေးများကို ကိုယ်စီကိုယ်စီ အသီးသီးလုပ်ဆောင်ကြပြီး
နောက် ထိုကျောက်တုံးကလေးများကို ပြန်လည် စုစည်းလာ သောအခါ
အလွန်လှပသော ကျောက်ရုပ်တု ကလေးများ ဖြစ်လာကြသည်ကို
တွေ့မြင်ကြရသည်။ ဤသည် မည်ကဲ့သို့ဖြစ်လာနိုင်သနည်း။
ဤသို့ဖြစ်လာရခြင်း၏ တစ်ခုတည်းသော အကြောင်းရင်းမှာ
အလွန်ကျွမ်းကျင် သော ပန်းပုဆရာတစ်ဦးက ထုလုပ်ရမည့်ပုံစံကို
ပန်းပုဆရာ အသီးသီးတို့အား ပေးထားသောကြောင့်ဖြစ်သည်။
ထိုနည်းတူစွာ ကျွန်တော်တို့၏ သမ္မာကျမ်းစာဖြစ်သည်။
ကျွန်တော်တို့တွင် ထိုသမ္မာကျမ်းစာ ဖြစ်လာရန် ပြင်ဆင်သော
ဆရာသမား တစ်ဦးရှိပါသည်။ ကျွန်တော်သည် ဤ စကြဝဠာ၏
အရှင်သခင်၊ ကောင်းကင်ဗိုလ်ခြေ ဘုရားသခင်က သန့်ရှင်းသော
ဝိညာဉ်တော်အားဖြင့် လူပေါင်း ၄၀ တို့အား ဖွင့်ပြတော်မူ သောကြောင့်
နှစ်ပေါင်း ၁၅၀၀ ကျော် အချိန်ကြာမြင့်ခဲ့သော်လည်း ဘုရားသခင်က
သူ၏ နှစ်သက်လိုချင် သည့်အတိုင်း ဖွင့်ပြရေးသားသောကြောင့် ြ
ပည့်စုံမှန်ကန်ခြင်း၊ ညီညွှန်ခြင်း၊ အကြံစည်တော် (သို့) ေ
ယရှုခရစ်တော်၏ သွန်းလောင်းသော အသွေးတော်အားဖြင့်
လူသားတို့အား ကယ်တင်ခြင်းတို့ကို ပိုင်ဆိုင်နိုင် သည်။

လူသားများ

လူသည် သမ္မာကျမ်းစာထဲ၌ရှိသော ဤစာအုပ်၏
ဖွင့်ပြခြင်းများကို ပုံဖော်ကြသည်။ လူတစ်ယောက်သည် ကြီးမြတ်သော
လူတစ်ဦး၏ အကြောင်းကို ရေးသာသောအခါ ထိုသူက ပုံကြီးချဲ့ပြီး ေ
ရးသားရန် ရည်ရွယ်သောအခါ ထိုကြီးမြတ်သော သူနှင့် မတူညီပဲ
လွဲသွားနိုင်သည်။ သို့သော် သမ္မာကျမ်းစာသည် ထိုကဲ့သို့မဟုတ်။
သမ္မာကျမ်းစာက ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ ြ
ဖစ်ပျက်သည့် အတိုင်း တိကျမှန်ကန်စွာ ရေးသားထားသောကြောင့်
အခြားစာအုပ်များနှင့်မတူပေ။

ဘုရားသခင်၏စိတ်တော်နှင့်တွေ့သောသူဖြစ်ေ

သာ ရှင်ဘုရင်ကြီးဒါဝိဒ်၏ အကြောင်းကို စဉ်းစားကြည့်ကြပါစို့။ (တမန်တော် ၁၃း၂၂ )။ ရှင်ဘုရင်ဒါဝိဒ်သည် ကြီးမြတ်သောသူဖြစ်သော်လည်း အပြစ်ကျူးလွန်ခဲ့သည်။ ထိုကျူးလွန်သော အပြစ်များကို ရှင်းလင်းစွာဖော်ပြသည်။ သူကျူးလွန်သော အပြစ်၏ အကျိုးဆက်များကို လည်း တိုတောင်းသော အချိန်ကာလအတွင်း ပြန်လည်ပေးဆပ် ခံစားခဲ့ရသည်။ သမ္မာကျမ်းစာ၏ အင်ကြင် လက္ခဏာသည် ထိုသို့ပင်ဖြစ်သည်။ လူရေးသားသောစာအုပ်များသည် ထိုသို့မဟုတ်။ သို့သော် သမ္မာကျမ်းစာ သည် ဘုရားသခင်ကိုယ်တော်တိုင် မှတ်သွင်းထားသည်။

ပရောဖက်ပြုချက်များ

ဤသမ္မာကျမ်းစာထဲတွင် ကြီးမားသော ပရောဖက်ပြုချက်များ မည်မျှပြည့်စုံပါသနည်း။ ဓမ္မာဟောင်းထဲ ရှိပရောဖက်ပြုချက်များစွာတို့သည် ဓမ္မာသစ်ကျမ်းထဲတွင် တိကျမှန်ကန်စွာ ပြည့်စုံသည်။ ထိုသို့ ပရောဖက်ပြုချက် များ တိကျမှန်ကန်စွာ ပြည့်စုံခြင်းသည် ဤစာအုပ်ကို ရေးသားသောသူသည် ဘုရားသခင် ကိုယ်တော်တိုင်ဖြစ်သောကြောင့်ဖြစ်သည်။

ဟေရှာယ ၄၁း၂၁-၂၃ တွင် ပရောဖက်အားဖြင့် ဘုရားသခင်မိန့်တော်မူသည်မှာ "သင်တို့၏အမှုကို အကြောင်းပြကြလော့ဟု ထာဝရဘုရားမိန့်တော်မူ၏။ သင်တို့၏ ခိုင်ခံ့သော အကြောင်းပြချက် သက်သေများ ကို ထုတ်ပြကြလော. ဟု ယာကုပ်အမျိုး ၏ ဘုရားသခင် မိန့်တော်မူ၏။ ထုတ်ဖော်၍ အနာဂတ်အရာတို့ကို ငါတို့ အားပြကြစေ။ အရင်ဖြစ်ဖူးသော အရာတို့သည် အဘယ်သို့ဖြစ်သည်ကို ငါတို့ ဆင်ခြင်၍ ထိုအရာတို့၏ အဆုံးကို သိရမည့်အကြောင်း ဖော်ပြကြစေ။ သို့မဟုတ် ပြ ဖစ်လတ့်သော အရာတို့ကို ငါတို့အား ဟောပြောကြစေ။ သင်တို့သည် ဘုရားဖြစ်သည်ကို ငါတို့သည် သိရမည့်အကြောင်း ဖြစ်လတ့ံသော အရာတို့ကို ပြကြစေ။ အချင်းချင်း တစ်ယောက်ကိုတစ်ယောက် ကြည့်ရှုတွေ့မြင်မည့်အကြောင်း ကောင်းသောအမှု၊ ဆိုးသောအမှု တစ်စုံတစ်ခုကို ပြုကြလော့။ "

ဤကျမ်းချက်သည် မှားယွင်းသော ပရောဖက် (သို့) မှားယွင်းသော ဘုရားများကို စိန်ခေါ်ခြင်းဖြစ်၍ ဘုရားသခင်သည် ပရောဖက် ဟေရှာယအားဖြင့် အနာဂတ်ကို ကြိုတင်ဟောပြောခြင်းဖြစ်သည်။ သင်သည် လာလတ့ံသောအရာတို့ကို ငါတို့အားပြပါ။ သင်သည် ဘုရားသခင်၏တန်ခိုးရှိကြောင်း ဤအရာအားဖြင့်

ရှင်းလင်းကြပါစို့။ ဘုရားသခင်မှလွဲ၍ သူတို့သည် ပြုလုပ်နိုင်မည်မဟုတ်။ ပရောဖက်ပြုခြင်းသည် ဘုရားသခင် ၏နတ်ကပတ်တော် ဖွင့်ပြခြင်းဖြင့် အလွန်ကြောက်စရာကောင်းသော သက်သေထူခြင်းဖြစ်သည်။စိတ်ဝင်စား စရာကောင်းသည်မှာ ဤပရောဖက် ဟောရှာယက ဘုရားသခင်၏လူများ ဗာဗုလုန်ကျွန်ခံရာမှ ပြန်လည်လွတ် မြောက်ခွင့်ပေးသော ပါရှားအင်ပါယာ ဧကရစ်မင်းကြီး ကုရှ ၏ နာမည်ကို ဖော်ပြခြင်းဖြစ်သည်။ မည်သည့်အချိန်တွင် ပရောဖက် ဟောရှာယသည် ပါရှားဘုရင် ကုရှမင်းကြီး၏ နာမည်ကို ဖော်ပြခဲ့ပါသနည်း။ ကုရှ ရှင်ဘုရင် မမွေးဖွားမီ နှစ်ပေါင်း ၁၀၀ က ဖြစ်သည်။ သို့ဖြစ်လျှင် ဤအရာသည် မည်သည့်အတွက်ကြောင့် ပြည့်စုံနိုင်ပါ သနည်း။ ဘုရားသခင်ဖွင့်ပြသောကြောင့်သာဖြစ်သည်။ ရာနှင့်ချီသော ဓမ္မာဟောင်းထဲရှိ ယေရှုအကြောင်း ပရောဖက်ပြုချက်များသည် ဓမ္မာသစ်ထဲတွင် အမှန်အကန်ပြည့်စုံကြသည်။

ကြိုတင်သိသောပညာ

သမ္မာကျမ်းစာသည် ရာစုနှစ်ပေါင်းများစွာနှင့် ပတ်သက်ပြီး ပထဝင်အနေအထား၊ သိပ္ပံနည်းပညာနှင့် ဆေးဝါးဆိုင်ရာများနှင့် ပတ်သက်သော အချက်အလက်များကို ကြိုတင်ဟောပြောခဲ့သည်။ ဤသို့ ကြိုတင် သိမြင်နိုင်ခြင်းသည် ဘုရားသခင်ကိုယ်တော်တိုင် ဖွင့်ပြတော်မူသောကြောင့်ဖြစ်သည်။ ဤကာလကို သိပ္ပံ နှင့်ဆိုင်သော ကာလဟု ခေါ်ဆိုခြင်းဖြစ်သည်။ ဝတ်ပြုရာကျမ်း ၁၇း၁၁ တွင် မောရှေပြောဆိုသည်မှာ "အကြောင်းမူကား ကိုယ်ခန္ဓာအသက်သည် သွေး၌တည်၏။ သင်တို့ပြုသော အပြစ်ကို ဖြေစေခြင်းငှါ ထိုသွေး ကို သင်တို့အား ယဇ်ပလ္လင်ပေါ်မှာ ငါပေးပြီ။ လူ့အပြစ်ကို ဖြေရသော အရာကား သွေးဖြစ်သတည်း။ " အသွေး သည် ဘုရားသခင်၏ ကယ်တင်ခြင်းအကြံအစည်၌ အမြဲအရေးကြီးသည်။ ယေရှုခရစ်တော်၏ အသွေးတော် သွန်းလောင်းခြင်းအားဖြင့် တစ်လောကလုံး၏ အပြစ်များကို လွတ်စေနိုင်ရန်အတွက် ဓမ္မာဟောင်းကာလတွင် တိရိစ္ဆာန်များ၏ အသွေးအားဖြင့် ယဇ်ပူဇော်ခြင်းများကို ပြုခဲ့ကြသည်။

မောရှေက လူ့အသက်သည် အသွေး၌တည်သည်ဟု မည်ကဲ့သို့သိနိုင်သနည်း။ လူ့အသက်သည် အသွေး၌ရှိသည်ဟု သိကြသည်။ သို့သော် ကျွန်တော်တို့၏ ခန္ဓာကိုယ်မှ သွေးများကို အကုန်ထုတ်ပစ်ပါက သေနိုင်သလား။ မသေနိုင်ပါ။ အမှန်တကယ် ဖြစ်ပျက်ခဲ့သော သမိုင်းရှိပါသည်။ George Washington အသက်ရှင်သည့် ကာလတုန်းက သွေးထုတ်ပစ်ခြင်းကို ကျင့်သုံးနေကြသည်။ ထိုသို့လုပ်ဆောင်ခြင်းမှာ ခန္ဓာကိုယ်မှ သွေးများ ထုတ်ပစ်ပါက ရောဂါပိုးများ ကင်းရှင်းသည်ဟု ယုံကြည်ကြသည်။ အကယ်စင်စစ်

ထိုအရာသည် မမှန်ကန်ပါ။ George Washington ကိုယ်တိုင်လည်း ထိုသို့ပြုလုပ်ခြင်းဖြင့် သွေးခမ်းခြောက်သောကြောင့် သေခါနီးအထိ ပြ ဖစ်သွားခဲ့သည်။ ထိုယုံကြည်ကျေးမှုသည် အကျိုးမရှိစေပဲ ဒုက္ခများကိုသာ ဖြစ်ပေါ်စေသည်။ သို့ဖြစ်လျှင် နှစ်ပေါင်း ရာချီ ကတည်းက ဓေ မာရှေသည် ဤအကြောင်းအရာများကို မည်ကဲ့သို့သိနိုင်သနည်း။ အကြောင်းမှာ ဘုရားသခင်ဖွင့်ပြတော်မူသောကြောင့်ဖြစ်သည်။

ယောဘဝတ္ထု ၂၆း၇ တွင် "မိုးကောင်းကင်ကို လွတ်လပ်လဟာ၌ ကြက်တော်မူ၏။ မြေကြီးကို အခုအခံ မရှိဆွဲထားတော်မူ၏။" ယောဘဝတ္ထုကို ရေးသားသော ဓေ ရှးစရေးဆရာများက ဘုရားသခင်သည် မြေကြီးကို အခုအခံမရှိ ဆွဲထားကြောင်း မည်သို့သိနိုင်ကြသနည်း။ လွန်ခဲ့သော နှစ်ပေါင်းများစွာ ကတည်းက ကမ္ဘာမြေကြီး သည် မည်သည့်အခုအခံမရှိပဲ ဆွဲထားကြောင်းသိနိုင်ခြင်းမှာ ဘုရားသခင်ဖွင့်ပြ ပတော်မူသောကြောင့်ဖြစ်သည်။

ထိန်းသိမ်းစောင့်ရှောက်ခြင်း

သမ္မာကျမ်းစာသည် တိုက်ခိုက်ခြင်း၊ ဝေဖန်ခြင်း၊ ဖျက်ဆီးခြင်းများစွာ ထဲမှ ဘေးကင်းလုံခြုံစွာ ထိန်းသိမ်းစောင့်ရှော က်နိုင်ခြင်းသည် ဘုရားသခင်၏ ဖွင့်ပြတော်မူသောကြောင့်ဖြစ်သည်။ သို့ဖြစ်လျှင် မည်ကဲ့သို့ မပျက်ဆီးပဲ ရှိနေနိုင်သနည်း။ မပျက်ဆီးပဲ ရှိနေနိုင်ခြင်းမှာ တန်ခိုးကြီးသော ဘုရားသခင်၏ ကွယ်ကာ စောင့်ရှောက်မှုကြောင့်ဖြစ်သည်။ ကျွန်တော်တို့၌ မူရင်း လက်ရေးစာမူများ မရှိသော်လည်း ထိုအရာ များ မလိုအပ်ပေ။ ဓမ္မသစ် မူရင်းစာမူ များ သော်လည်းကောင်း၊ ဓမ္မဟောင်းမူရင်းစာမူ များသော်လည်းကောင်း ရာစုနှစ်ပေါင်းများစွာ ကြာခဲ့သော်လည်း မပျက်ဆီးပဲ ရှိနေနိုင်ခြင်းမှာ ဘုရားသခင် ကိုယ်တော်တိုင် ကွယ်ကာစောင့်ထိန်းတော်မူသောကြောင် ဖြစ်သည်။ ယေရှုမိန့်တော်မူသည်မှာ " ကောင်းကင် နှင့် မြေ မကြီးမတည်သော်လည်း ငါ့စကားတည်လိမ့်မည်။"လုကာ ၂၁း၃၃။ ဘုရားသခင်ကိုယ်တော်တိုင်သည် ပြင်ဆင်သောသူ၊ ကွယ်ကာစောင့် ထိန်းသောသူဖြစ်သည်အားလျော်စွာ ဒီကနေ့ ကျွန်တော်တို့၌ရှိသော သမ္မာ ကျမ်းစာအုပ်သည် နှစ်ပေါင်းမည်မျှ ကြာသည် ဖြစ်စေ၊ မူရင်းမှ ဘာသာပြန်ဆိုသည်ဖြစ်စေ၊ မူရင်းအတိုင်း တိကျ မှန်ကန်စွာ ရှိနေပါသည်။ ထို့ကြောင့်ဤသမ္မာကျမ်းစာအုပ်သည် လူသားများ ရေးသားထားသော အခြားစာအုပ် များနှင့်အတူကြောင်း ဓေ မးခွန်းထုတ်စရာမလိုပေ။

ရှင်သန်စေခြင်း

သမ္မာကျမ်းစာအုပ်သည် ကျွန်တော်တို့၏ အသက်တာ၌ ငြိမ်သက်ခြင်းကို ဖြစ်စေပြီး သာယာလှပသော ကောင်းကင်ဘုံ၌ ဘုရားသခင်နှင့်အတူ ရှိနေမည်ဖြစ်ကြောင်းကိုလည်း ကတိပေးထားသည်။ ၄င်းတို့ကို ကျွန်တော်တို့သည် ဘုရားသခင်ဖွင့်ပြတော်မူသော သမ္မာကျမ်းစာအတိုင်း နာခံလိုက်လျှောက်ခြင်းအားဖြင့် သာလျှင် ရရှိနိုင်သည်။

ရှင်ပေါလုက ရောမမြို့၌ရှိသော ခရစ်ယာန်တို့အား ဘုရားသခင်၏ နှုတ်ကပတ်တော်ကို မှီဝဲခြင်းအား ဖြင့် ဆက်လက်ပြီး အသက်တာ သဏ္ဍာန်ပြောင်းလဲရန် တိုက်တွန်းသည်။ ( ရောမ ၁၂း၁ ) ရှင်ပေါလု ကလည်း ဧဖက်မြို့၌ရှိသော သင်းအုပ်များကို ဤသို့ပြောဆိုခဲ့သည်။ " ညီအစ်ကိုတို့ ယခုငါသည် သင်တို့ကို တည်ဆောက်ခြင်းငှါ၄င်း၊ သန့်ရှင်းသောသူအပေါင်းတို့နှင့်အတူ သင်တို့အား အမွေပေးခြင်းငှါ၄င်း၊ တတ်နိုင်သော ဘုရားသခင်၏ ကျေးဇူးတရား၌၄င်း သင်တို့ကို ငါအပ်နှံ၏" ( တမန်တော် ၂၀း၃၂ )။

ဘုရားသခင်၏ နှုတ်ကပတ်တော်က ပြောဆိုသည်မှာ "ငါသည် ခရစ်တော်နှင့်အတူ လက်ဝါးကားတိုင် မှာ အသေခံပြီ။ သို့သော်လည်း အသက်ရှင်သေး၏။ ထိုသို့ဆိုသော် ငါသည် ကိုယ်တိုင်မရှင် ၊ ခရစ်တော်သည် ငါ၌ရှင်၏။ ကိုယ်ခန္ဓာ၌ ယခုငါရှင်သော အသက်သည် ဘုရားသခင်၏ သားတော်ကို ယုံကြည်ခြင်းအားဖြင့်တည် ၏။ သားတော်သည် ငါ့ကို ချစ်၍ ငါ့အဖို့ ကိုယ့်ကိုကိုယ်စွန့်တော်မူ၏"။( ဂလာတိ ၂း၂၀ )။ နှုတ်ကပတ်တော်က ကျွန်တော်တို့အား ဤသို့ မိန့်ဆိုသည်။ " ကောင်းစွာသော တိုက်လှန်ခြင်းကို ငါပြုပြီ။ ငါ ပြေးရသော လမ်းကို အဆုံးတိုင်အောင်ပြေးပြီ။ ယုံကြည်ခြင်းတရားကို စောင့်ရှောက်ပြီ။ ယခုမှစ၍စမ္မသရဖူသည် ငါ့အဖို့သို့ ထားလျက်ရှိ၏။ ထိုနေ့ရက်၌ တရားသဖြင့် စီရင်သောသူ၊ သခင်ဘုရားသည် ထိုသရဖူကို ငါ၌ အပ်ပေးတော်မူ မည်။ ထိုမျှမက ပေ ါ်ထွန်းတော်မူခြင်းကို တောင့်တသော သူအပေါင်းတို့၌လည်း အပ်ပေးတော်မူမည်။"( ၂တိ ၄း၇-၈ )။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် နာခံသောသူ အပေါင်းတို့အား ထာဝရ အမွေခံရာ နေရာဖြစ် သော ကောင်းကင်ရွှေအိမ်တော်သို့ ပျော်ရွှင်ရဲစွာ နေထိုင်မည့်အကြောင်းကို ပြောပြသည်။

# သင်ခန်းစာ ၅ သိပ္ပံအတတ်ပညာက သမ္မာကျမ်းစာကို သက်သေထူ

တစ်ခါတစ်ရံ ကျွန်တော်တို့၏ ယုံကြည်ခြင်းသည် သမ္မာကျမ်းစာ (သို့ ) သိပ္ပံပညာရှင်များ၏ ဘုရားသခင် ကို မယုံကြည်ခြင်းက ဦးဆောင်တတ်ပါသည်။ သို့သော်လည်း ထိုယုံကြည်ချက်သည် မှန်ကန်သည် ဟုတ်မဟုတ် စစ်မှန်သော သိပ္ပံအတတ်ပညာသည် မည်သည့်အခါမျှ သမ္မာတရားနှင့် ဆန့်ကျင်ဘက်မဖြစ်။ သိပ္ပံအတတ်ပညာက သမ္မာကျမ်းစာသည် ဘုရားသခင်၏ မှုတ်သွင်းတော်မူခြင်း ကို သက်သေထူသည်။ သို့သော် သမ္မာကျမ်းစာသည် သိပ္ပံပညာရှင်တို့၏ လက်ဆွဲစာအုပ်မဟုတ်။ မည်သို့ပင် ဆိုစေ မည်သည့်အချိန်မဆို သိပ္ပံပညာရှင်များနှင့် သိပ္ပံအတတ်ပညာတို့က သမ္မာကျမ်းစာ၏ မှန်ကန်ခြင်းကို သက်သေ ထူပေးကြသည်။

သမ္မာကျမ်းစာနှင့် သပ္ပံအတတ်ပညာ နှစ်ခုကြားရှိ တူညီမှုကို လေ့လာကြည့်ကြပါစို့။ “အစအဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ၏”။ ( ကမ္ဘာဦး ၁း၁ )။ ဤကျမ်းစကားသည် ဘီစီ ၁၅၀၀ ခန့်က သန့်ရှင်းသော ဝိညာဉ်တော်၏ ဖွင့်ပြခြင်းအားဖြင့် မောရှေ ရေးသားထားသည်။ အေဒီ ၁၈၂၀ ခုနှစ် တွင် Hubert Spencer ဆိုသူက လူတွေမသိသော ကမ္ဘာမြေကြီးအကြောင်း သိပ္ပံပညာ ငါးခု ကို ဖော်ထုတ်ခဲ့သည်။ ၎င်းတို့မှာ အချိန်၊ ဖိအား၊ စွမ်းအင်၊ အာကာသနှင့် အကျိုးအကြောင်း တို့ဖြစ်ကြသည်။ မည်သို့ပင်ဖြစ်စေ မောရှေက ဤအကြောင်း ငါးခု ကို ပြောထားပြီးဖြစ်ပါသည်။ “ ကမ္ဘာဦး ၁း၁ အစအဦး၌- အချိန်၊ ဘုရားသခင်- ဖိအား၊ ဖန်ဆင်း- စွမ်းအား၊ ကောင်းကင်- အာကာသ နှင့် မြေကြီး-အကျိုးအကြောင်း။ ထို့ကြောင့် သိပ္ပံပညာရှင် Spencer ၏ ဖော်ထုတ်ချက်များသည် ကမ္ဘာဦးကျမ်း ၁း၁ နှင့် ကိုက်ညီပါသည်။

ကျွန်တော်တို့သည် ဆာလံကို လေ့လာသောအခါ ဆာလံ ၈း၈ တွင် အလွန်စိတ်ဝင်စားစရာ တစ်ခု ကို တွေ့နိုင်ပါသည်။ ဤကျမ်းချက်က ဖော်ပြသည်မှာ “ဖန်ဆင်းသောအရာများကို အုပ်စိုးစေ၍ သိုး၊ နွားအစရှိသော မြေတိရိစ္ဆာန်၊ မိုးကောင်းကင်ငှက်၊ ပင်လယ်ငါးနှင့် ပင်လယ်လမ်း၌ သွားတတ်သော တိရိစ္ဆာန်မှစ၍ ခပ်သိမ်းသော အရာတို့ကို သူ၏ ခြေအောက်၌ ချထားတော်မူ၏”။

Mathew Fontaine Maury ဆိုသူက

ဘုရားသခင်ဖန်ဆင်းသော ပင်လယ်လမ်းကို စတင်ရှာဖွေရာ တွေ့ရှိခဲ့သည်။ Moury က ဘုရားသခင်၏ စာအုပ်ထဲတွင် ရေးသားထားပါက အမှန်တယ် ရှိမည်ဟု ပြောသည်။ သူ၏ပြောဆိုချက်သည် အလွန်မှန်ကန်ပါသည်။

သမ္မာကျမ်းစာအုပ်သည် ပထဝင်စာအုပ် (သို့ ) ရှေးဟောင်း သုတိသနစာအုပ်မဟုတ်။ သို့သော်လည်း သမ္မာကျမ်းစာထဲတွင် ဖော်ပြသမျှသည် အမှန်တကယ်ရှိသည်။

ရှင်လုကာ ၁၀း၃၀ တွင် ယေရှုမိန့်တော်မူသည်မှာ " လူတစ်ယောက်သည် ယေရုစလင်မြို့မှ ယေရိခေါမြို့ သို့ သွားရာတွင် ဓားမြ နှင့်တွေ့ကြုံလေ၏။ ဓားပြ တို့သည် ထိုသူ၏ အဝတ်များကို ချွတ်၍ နာကျင်စွာ ရိုက်နက်ပြီး မှ သေလုမသတ်ရှိသောအခါ ပစ်ထား၍ သွားကြ၏။" ယေရိခေါမြို့သည် ယေရုစလင်မြို့၏ အရှေ့မြောက်ဘက်တွင် ရှိသည်။ အဘယ်ကြောင့် ယေရှုက ယေရုစလင်မြို့မှ ဆင်းသွားသည်ဟု ပြောရသနည်း။ အကြောင်းမှာ ယေရုစလင်မြို့သည် ပင်လယ်ရေပြင်အထက် ပေ ၂၅၀၀ ခန့်တွင် တည်ရှိပါသည်။ ထို့ကြောင့် ယေရုစလင်မြို့မှ အခြားနေရာသို့သွားလျှင် ဆင်းသွားရမည်ဖြစ်သည်။ ထို့ကြောင့် ယေရှု၏ မိန့်တော်မူခြင်းသည် အလွန်မှန်ကန်ပါသည်။

မြောက်များစွာသော ရှေးဟောင်း သုတိသန ပညာရှင်တို့သည် Palastine ပြည်တွင် လေ့လာရှာဖွေမှုပေါင်းများ စွာ ပြုလုပ်ကြသည်။ သူတို့၏ လေ့လာတွေ့ရှိချက်တို့သည် သမ္မာကျမ်းစာနှင့် ဆန့်ကျင်ဘက်များ ရှိပါသလား။ လုံးဝမရှိပါ။ ရှေးဟောင်းသုတိသနပညာရှင်များ၏ တွေ့ရှိချက်တို့သည် သမ္မာကျမ်းစာထဲရှိ မှတ်တမ်းတင် ထားသော အရာများသာဖြစ်ကြသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် ဆန့်ကျင်သောအရာ တစ်ခုမျှ မရှိ။

သမ္မာကျမ်းစာအုပ်သည် ဘုရာသခင်မှုတ်သွင်းခြင်းဖြစ်ကြောင်း ၂တိ ၃း၁၆ တွင် ဖော်ပြထားပြီးဖြစ်သည်။ ရုခဗီဒနှင့် ရှေးဟောင်းသုတိသနတို့၏ တွေ့ရှိချက်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်နှင်ပ ထပ်တူထပ်မျှဖြစ်ကြောင်းသိနိုင်သည်။ ကျွန်တော်တို့သည် သမ္မာကျမ်းစာကို မယုံကြည်လျှင် ကျွန်တော်တို့၏ ဝိညာဉ်လည်း အဘယ်သို့ ကယ်တင်ခြင်းသို့ ရောက်နိုင်မည်နည်း။ အမှန်စင်စစ် ရုပ်ခဗီဒနှင့် သမိုင်း၌ ဖြစ်ပျက်သမျှတို့သည် သမ္မာကျမ်းစာထဲရှိ မှတ်တမ်းတင်ထားသည့်အတိုင်း ဖြစ်သည်။ သမ္မာကျမ်းစာမှ လွဲ၍ အခြားစာအုပ်များသည် မှန်ကန်မှုမရှိ။ ဤသမ္မာကျမ်းစာအုပ်သာလျှင် မှားယွင်းမှုများ ကို ရှင်းလင်းစွာဖော်ပြသည်။

သိပ္ပံအတတ်ပညာနှင့် သမ္မာကျမ်းစာတို့၏ တူညီမှု
ဥပမာ များစွာပေးထားပြီးဖြစ်သည်။ ကျွန်တော်တို့၏ ေ
လ့လာထားသမျှအားလုံးတို့သည် ဘုရားသခင်၏
နှတ်ကပတ်တော်ဖြစ်ကြောင်း ဖော်ပြသည်။ ရှင်ပေါလု ပြောဆိုသည်မှာ
"ထိုကျမ်းစာရှိသမျှသည် ဘုရားသခင်မှုတ်သွင်းတော်မူခြင်းအားြ
ဖင့်ဖြစ်၍ ဘုရားသခင်၏ လူသည် စုံလင်သောသူ၊ ကောင်းသော
အမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလို့ငှါ ပြင်ဆင်သောသူဖြစ်မည်
အကြောင်း ဩဝါဒပေးခြင်း၊ ဖြောင့်မတ်စွာကျင့်ခြင်း၊ အပြစ်ကို ေ
ဖာ်ပြခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူး များ ကို ပြုတတ်၏"။ ( ၂တိ
၃း၁၆-၁၇ )။

သမ္မာကျမ်းစာက ကယ်တင်ခြင်းသို့ရောက်နိုင်ရန်
ဘုရားသခင်၏ သားတော် ယေရှုခရစ်တော် ကို
ယုံကြည်ရမည်ဟုပြောသည်။ " ထို့ကြောင့် သင်တို့သည်
ကိုယ့်အပြစ်၌သေကြလိမ့်မည်ဟု ငါဆို၏။ ငါသည်
ဤမည်သောသူဖြစ်သည်ကို သင်တို့မယုံလျှင်
ကိုယ့်အပြစ်၌သေကြလိမ့်မည်ဟု မိန့်တော်မူ၏"။ ( ယောဟန် ၈း၂၄
)။ ဆက်လက်မိန့်တော်မူသည်မှာ " သာ၍အပြစ်ရှိသည်မဟုတ်။
သင်တို့ရှိသမျှသည်လည်း နောင်တမရ လျှင် ပျက်ဆီးခြင်းသို့ ေ
ရာက်ကြလိမ့်မည်ဟု ငါဆို၏" လုကာ ၁၃း၃ )။

ယေရှုက လူများရှေ့တွင် သူ့ကို ဝန်ခံရန်ပြောသည်။
" အကြင်သူသည် လူ့ရှေ့မှာ ငါ့ကို ဝန်ခံအံ့။ ေ
ကာင်းကင်ဘုံ၌ရှိတော်မူသော ငါ့ခမည်းတော်ရှေ့မှာ ထိုသူကို
ငါဝန်ခံမည်။ အကြင်သူသည် လူတို့ရှေ့မှာ ငါ့ကို ငြင်းပယ်အံ့။ ေ
ကာင်းကင်ဘုံ၌ရှိတော်မူသေည ငါ့ခမည်းတော်ရှေ့မှာ ထိုသူကို
ငါငြင်းပယ်မည်။"( မဿဲ ၁၀း၃၂-၃၃ )။ ထို့နောက်ယေရှု
မိန့်တော်မူသည်မှာ "ယုံကြည်၍ ဗတ္တိဇံကို ခံသောသူသည်
ကယ်တင်တော်မူခြင်းသို့ ရောက်လတံ့။ မယုံကြည်သောသူမူကား
အပြစ်စီရင်ခြင်းကို ခံရလတံ့"။ ( မာကု ၁၆း၁၆
)။ ထိုသို့ပြုလျှင် ဘုရားသခင်ကိုယ်တော်တိုင် ကျွန်တော်တို့ကို
သူ၏အသင်းတော်ဖြစ်သော ယုံကြည်သူများဖြင့်တည်ဆောက်ထားသ
ည့် ဓမ္မသစ်အသင်းတော်ထဲသို့ ပေါင်းထည့်မည်။

သင်သည် သမ္မာကျမ်းစာကို လက်ခံပြီလား။

# အခန်း ၆ ဘာသာရေး၏အချုပ်အခြာအာဏာ

ဘုရားသခင်သည် ဣသရေလ လူမျိုးများ သူ၏
ပညတ်တော်များကို မနာခံကြောင်းသိရှိသောအခါ မောရှေအားဖြင့်
သတိပေးပြောခဲ့သည်မှာ မောရှေနှင့်တူသော ပရောဖက်တစ်ပါးကို
ပေါ်ထွန်းစေမည်။ ထိုသူ၏ စကားကို နားထောင်ရမည်။
နားမထောင်သောသူသည် ပျက်ဆီးခြင်းသို့ရောက်မည်။(တရားဟော
၁၈း၁၅-၁၉)။

ဣသရေလလူတို့အားပေးသော ဤကတိတော်သည်
သခင်ယေရှုခရစ်တော်ဖွားမြင်သောအခါ ပြည့်စုံသည်။ (တမန်တော်
၃း၁၉-၂၆ )။ ယေရှုခရစ်တော်သည် ဤကမ္ဘာကို ကယ်တင်ရန်
ဖွားမြင်တော်မူမည်။ သို့သော်လည်း သူမွေးဖွား ကြီးပြင်းရာ ဣသရေလ
လူမျိုးတို့၏ ငြင်းပယ်ခြင်းကို ခံခဲ့သည်။

တစ်နေ့တွင် ယေရှုသည် သူ့တပည့်တော် ၃
ယောက်ကို ခေါ်၍ တောင်ထိပ်ပေါ်သို့ တက်ကာ သူတို့၏ ေ
ရှ့မောက်တွင် ရုပ်ပြောင်းလဲခြင်းရှိသည်။ ( မာကု ၉း၂-၇ ) "ေ
ခြာက်ရက်လွန်သောအခါ ယေရှုသည် ပေတရု၊ ယာကုပ် နှင့်
ယောဟန်တို့ကို ခေါ်၍ အခြားသူမပါပဲ မြင့်လှစွာသော ေ
တာင်ပေါ်တွင် ဆိတ်ကွယ်ရာအရပ် တွင် ဆောင်ကြွတော်မူ၏။
သူတို့၏ရှေ့မောက်၌ ထူးခြားသော အဆင်းအရောင်နှင့် ပြ
ပည့်စုံသည်ဖြစ်၍ အဝတ်တော်သည် ပြောင်လက်လျှက်
ဤမြေပေါ်၌ အဘယ်ခဝါသည်မျှ မတတ်နိုင်သော မိုးပွင့်ကဲ့သို့
အလွန်ဖြူ လျက်ရှိ၏။ မောရှေနှင့် ဧလိယသည်ထင်ရှား၍ ေ
ယရှုနှင့်အတူ စကားပြောလျက်ရှိ၏။ ထိုအခါပေတရုက အရှင်ဘုရား
ဤအရပ်၌ နေဖွယ်ကောင်းပါ၏။ ကိုယ်တော်အဖို့တဲတစ်ဆောင်၊ ေ
မာရှေအဖို့တဲတစ်ဆောင်၊ ဧလိယအဖို့တစ်ဆောင် တဲသုံးဆောင်
ကို အကျွန်ုပ်တို့ ဆောက်လုပ်ပါရစေဟု လျှောက်လေ၏။
တပည့်တော်တို့ သည် အလွန်ကြောက်သောကြောင့် ပေတရုသည်
ယောင်ယမ်း၍ ဤသို့ လျှောက်သတည်း။ ထိုအခါ မိုးတိမ် သည်
သူတို့ကို လွှမ်းမိုး၍ ဤသူသည် ငါချစ်သားပေတည်း။ သူ၏စကားကို
နားထောင်ကြလော့ဟု မိုးတိမ်က အသံတော်ဖြစ်လေ၏။ "

ဤစကားတော်သည် မည်သည့်အဓိပ္ပါယ်ရှိသနည်း။ ေ
မာရှေသည် ပညတ်တော်အတွက် ရပ်တည် သည်။ လူတို့သည်
မောရှေ၏ ပညတ်ချက်အတိုင်း ဘုရားကို ကိုးကွယ်ရန်
မလိုအပ်တော့ပေ။ ဥပုဒ်စောင့်ခြင်း။ ဆယ်ပို့တစ်ပို့ပေးခြင်း၊

တိရိစ္ဆာန်ယဇ်ပူဇော်ခြင်းနှင့် တီးဂီတများ တီးမှုတ်ပြီးကခုန်ခြင်းများ အလိုအပ်တော့ပေ။ ဒါဝိဒ်၏ မျိုးနွယ်ထဲမှ ဤလောကကို ကယ်တင်သော အရှင်သည် မွေးဖွားလာမည်ဟု ပရောဖက်ပြုခဲ့သော ဇေလိယသည် မတ်သပ်ရပ်နေသည်။ ယခုတွင် ကယ်တင်သောအရှင်သည် မွေးဖွါးတော်မူပြီး ဖြစ်သော ကြောင့် ပညတ္တိကျမ်းများနှင့် ပရောဖက်ကျမ်းများကို လိုက်လျောက်ရန် မလိုတော့ပဲ ယေရှု၏ တရားတော်ကိုသာ လိုက်လျောက်ရမည်ဖြစ်သည်။

ခရစ်တော်မိန့်ဆိုသမျှတို့သည် သူ့အလိုအတိုင်း မိန့်ဆိုနေခြင်းမဟုတ်ပဲ၊ ခမည်းတော်ဘုရားသခင်၏ စကားတော်အတိုင်း မိန့်ဆိုနေခြင်းဖြစ်သည်။ (ယောဟန် ၁၁း၄၇-၅၀ ) "ထိုအခါယဇ်ပရောဟိတ်အကြီးတို့နှ င့် ဖာရိရှဲများသည် လွှတ်အရာရှိတို့ကို စုဝေးစေပြီးလျှင်၊ ငါတို့သည် အဘယ်သို့ပြုလျက်နေကြသနည်း။ ထိုသူသည် များစွာသော နိမိတ်လက္ခဏာကို ပြ၏။ သူ့ကို ဤသို့လွှတ်ထားလျှင် လူခပ်သိမ်းတို့သည် ယုံကြည်ကြလိမ့်မည်။ ေ ရာမလူတို့သည်လည်းလာ၍ ငါတို့အရပ် ဌာနကိုင်၄င်း၊ ငါတို့အမျိုးကို၄င်း သုတ်သင်ပယ်ရှင်းကြလိမ့်မည်ဟု ပြောဆိုကြ၏။ ထိုသူတို့အဝင် ထိုနှစ်တွင် ယဇ်ပုရောဟိတ်ဖြစ်သော ကယာဖ အမည်ရှိသောသူက သင်တို့သည် အလင်းမသိကြ။ ယုဒလူမျိုးအကုန်အစင် ပျက်စီးသည်ထက် လူတစ်ယောက်သည် လူများတို့အတွက် သေသော် သာ၍ကောင်းသည်ကို သင်တို့သည် မဆင်ခြင်ပါတကားဟုပြောဆို၏။ "

လူများစွာတို့သည် ခရစ်တော်၏ တရားတော်ကို မနာခံလိုကြ။ မြောက်များစွာသော ဘာသာရေးသမား များသည် ခရစ်တော်၏ တရားတော်မှ နောက်ပြန်လှည့်ပြီး ထိုတရားအစား သူတို့၏ ကိုယ်ပိုင်အတွေးအခေါ်များ ကို ပေါင်းထည့်ကြသည်။ ( မသဲ ၁၆း၁၈) တွင် ယေရှုက "ဤကျောက်ပေါ်တွင် ငါ့အသင်းငါတည်ဆောက်မည်" ဟု ပြောဆိုနေခြင်းကို ပင် မှန်သည်ဟု မထင်မှတ်ကြပါ။ "ငါ" ဟူသော စကားလုံးသည် ပိုင်ဆိုင်ခြင်းကို ပြသည်။ လူတစ်ဦးတစ်ယောက် သို့မဟုတ် အုပ်စုလိုက်ဖွဲ့ပြီး မိမိဂိုဏ်းဂဏ ယုံကြည်ချက်အတိုင်း ဘုရားသခင်ကို ကိုးကွယ်ခြင်းသည် လုံးဝ မှားယွင်းသည်။ ေ ယရှုမိန့်တော်မူသည်မှာ ( မသဲ ၁၅း၁၃-၁၄ )"ကိုယ်တော်ကလည်း ေ ကာင်းကင်ဘုံ၌ ရှိတော်မူသော ငါ့ခမည်းတော် စိုက်တော်မမူသော အပင်ရှိသမျှတို့ကို နုတ်ရလိမ့်မည်။ ထိုသူတို့ကို ရှိပါလေစေ။ သူတို့သည် လူကန်းတို့အား လမ်းပြသော လူကန်းဖြစ်ကြ၏။ လူကန်းချင်း တစ်ဦးကို တစ်ဦးလမ်းပြလျှင် နှစ်ဦးတို့သည် တွင်းထဲသို့

ကျကြလိမ့်မည်ဟု မိန့်တော်မူ၏"။

ဂိုဏ်းဂဏအသင်းတော် တည်ထောင်သူနှင့် ငှင်း ခေါင်းဆောင်အားလုံးတို့သည် မျက်စိကန်းသော သူများ ဖြစ်ကြသည်။ ထိုဂိုဏ်းဂဏထဲတွင် နေထိုင်သော နောက်လိုက်အားလုံးတို့သည်လည်း မျက်ကန်းများ ဖြစ်ကြသည်။ ယေရှုက ဤသို့ သတိပေးခဲ့သည်။ ( မသဲ ၇း ၂၁-၂၃ )"သခင် သခင်ဟု ငါ့ကို လျှောက်သောသူ တိုင်း ကောင်းကင်နိုင်ငံတော်သို့ ဝင်ရလိမ့်မည်မဟုတ်။ ကောင်းကင်ဘုံ၌ရှိတော်မူသော ငါ့ခမည်းတော်၏ အလိုတော်ကို ဆောင်သောသူသာလျှင် ဝင်ရလိမ့်မည်။ ထိုနေ့၌ကား သခင် သခင် အကျွန်ုပ်တို့သည် ကိုယ်တော်အခွင့်နှင့် ဆုံးမသြဝါဒပေးကြပြီမဟုတ်လော။ ကိုယ်တော်အခွင့်နှင့် နတ်ဆိုးတို့ကို နှင်ထုတ်ပါပြီ မဟုတ်လော။ ကိုယ်တော်အခွင့်နှင့် များစွာသော တန်ခိုးတို့ကို ပြပါပြီမဟုတ်လောဟု များစွာသော သူတို့သည် လျှောက်ကြလိမ့်မည်။ ထိုသို့လျှောက်ကြသောအခါ သင်တို့ကို ငါအလျှင်းမသိ။ အဓမ္မအမှုကို ပြုသောသူတို့ ငါ့ထံမှဖယ်ကြဟု ထိုသူတို့အား အတည့်အလင်းငါပြောမည်။"

တရားစီရင်သော နေ့ရက်တွင် ထိုသူအားလုံးတို့ကို တစ်ယောက်မျှမကျန် ယေရှုက သင်တို့ကို ငါမသိ ဟု ငြင်းပယ်မည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ခရစ်တော်၏ တရားအတိုင်း ဘုရားသခင်ကို ဝတ်မပြု ပဲ ခရစ်တော်၏ တရားကို မနာခံသောကြောင့်ဖြစ်သည်။ ကျွန်တော်တို့သည် သမ္မာကျမ်းစာထဲတွင် ခရစ်တော်၏ တရားများ ရေးထားကြောင်း ကောင်းမွန်စွာ သိကြသည်။ ယေရှုသည် ကောင်းကင်ဘုံသို့ ပြန်လည်ကြွသွား သောအခါ သန့်ရှင်းသော ဝိညာဉ်တော်၏ ဖွင့်ပြတော်မူခြင်းအားဖြင့် သူ့တပည့်တော်တို့အား အခွင့်အာဏာ အပြည့်အဝပေးထားသည်။ ထိုသူတို့သည် ယေရှု၏ သာသနာလုပ်ငန်းကို ဆက်လက်ထမ်းရွက်သောသူများ ဖြစ်ကြသည်။ ( မသဲ ၂၈း၁၉-၂၀ )"သင်တို့သွား၍ လူမျိုးတကာတို့အား ငါ့တပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံပေးကြလော့။ ငါသည်သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှါ ဆုံးမသြဝါဒပေးကြလော့။ ငါသည်လည်း ကပ်ကမ္ဘာကုန်သည့် တိုင်အောင် သင်တို့နှင့်အတူ အစဉ်မပြတ်ရှိသည်ဟု တပည့်တော်တို့အား မိန့်တော်မူ၏"။

သန့်ရှင်းသောဝိညာဉ်တော်သည် သမ္မာကျမ်းစာကို ရေးသားသောသူတို့အား တိကျမှန်ကန်စွာ ဖွင့်ပြ ခဲ့သည်။ ထို့ကြောင့်

သူတို့ရေးသားသော သမ္မာကျမ်းစာတို့သည် ဘုရားသခင်မှုတ်သွင်းခြင်းသို့မဟုတ် ဘုရားသခင်အသက်သွင်းခြင်းဖြစ်သည်။ ( ၂တိ ၃း၁၆-၁၇ ) "ထိုကျမ်းစာရှိသမျှတို့သည် ဘုရားသခင်မှုတ်သွင်း တော်မူခြင်းအားဖြင့်ဖြစ်၍ ဘုရားသခင်၏လူသည် စုံလင်သောသူ၊ ကောင်းသောအမှုအမျိုးမျိုးတို့ကို ပြုစုခြင်းအလိုငှါ ပြင်ဆင်သောသူဖြစ်မည့်အကြောင်း ဩဝါဒပေးခြင်း၊ အပြစ်ကိုဖော်ပြခြင်း၊ ဖြောင့်မတ်စွာ ပြုပြင်ခြင်း၊ တရားကိုသွန်သင်ခြင်း ကျေးဇူးများကို ပြုတတ်၏"။

သမ္မာကျမ်းစာသည် ဘုရားသခင်အသက်မှုတ်သွင်းတော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည်။ သမ္မာကျမ်းစာက ကျွန်ုပ်တို့လိုအပ်သမျှသော ဩဝါဒပေးခြင်း၊ ဆုံးမခြင်း၊ အပြစ်ကိုဖော်ပြခြင်းဟူသော ကောင်းသောအမှုအရာအားလုံးအတွက် ပြင်ဆင်ပေးသည်။ ဘုရားသခင်၏ အခွင့်အာဏာရှိသမျှတို့သည် သမ္မာကျမ်းစာထဲတွင်ရှိသည်။

ဘုရားသခင်သည် အိမ်တော်တည်ဆောက်ရန်ကတိပေးခဲ့သည်။ ဟေရှာယ ၂း၂-၃ တွင် ထိုအိမ်တော် သည် ခရစ်တော်၏ ငါ့အသင်းတော်ဟုခေါ်သော ခရစ်တော်၏ အသင်းတော်ဖြစ်သည်။ ယေရှုခရစ်တော်၏ အသင်းတော်ကို သူ့အသွေးတော်ဖြင့် ရွေးဝယ်ခဲ့သည်။ ( တမန်တော် ၂၀း၂၈ ) "ထို့ကြောင့်သူတို့သည် ကိုယ်ကို သတိနှင့်ကြည့်ရှုကြလော့။ ဘုရားသခင်သည် မိမိအသွေးနှင့် ဝယ်တော်မူသော အသင်းတော်ကို လုပ်ကျွေးစေခြင်း ငှါ၊ သန့်ရှင်းသောဝိညာဉ်တော်သည် သင်တို့ကို အအုပ်အချုပ်ခန့်ထားတော်မူသော သိုးစုတစ်စုလုံးကိုလည်း သတိနှင့်ကြည့်ရှုကြလော့။ "

အဘယ်သူမျှ မိမိအသင်းတော်တည်ဆောက်ခြင်းနှင့် မိမိကြိုက်နှစ်သက်သော ပုံစံဖြင့် ခေါ်ဆို၍မရ။

ကျွန်ုပ်တို့သည် ဘုရားသခင်၏ အခွင့်အာဏာတော်ကို လေးစားကြရမည်။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ မိန့်တော်မူသော တရားများကို မိမိတို့အတွေးအခေါ်များ ပေါင်းထည့်၍မရပေ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ စကားတော်များကို နှုတ်ပယ်၍ မရပေ။ ( ဗျာဒိတ် ၂၂း၁၈-၁၉ )။ ကျွန်ုပ်တို့သည် သမ္မာကျမ်းစာထဲတွင် ရှိသောဘုရားသခင်၏ စကားတော်များကို လေးစားခြင်းမရှိပါက ကယ်တင်ခြင်းသို့မရောက်နိုင်ပါ။ ( ၂ယော ၉-၁၀ )။ ကျွန်ုပ်တို့အားလုံးတို့သည် နောက်ဆုံးသောနေ့ရက်တွင် ခရစ်တော်၏စကားတော်အားဖြင့် တရားစီရင်ခြင်းခံရမည်ကို သတိရကြရမည်။ (ယောဟန် ၁၂း၄၈ )။"ငါ့ကိုပယ်၍ စကားကို ငြင်းပယ်သောသူအား အပြစ်စီရင်သောသူရှိသေး၏။ ငါဟောပြောသော

စကားပင် နောက်ဆုံးသောနေ့၌ ထိုသူအား အပြစ်စီရင်လိမ့်မည်။”

# သင်ခန်းစာ ၇ ပဋိညာဉ်သစ်

ယနေ့ ခရစ်ယာန်တို့သည် ဒီနတောင်တွင် ဘုရားသခင်က ဣသရေလ လူတို့အား ပေးသော ပညတ် အောက်တွင် မရှိတော့ပါ။ ဤပညတ်တရား ( ပဋိညာဉ်) အသက်ဝင်နေချိန်တွင် ပရောဖက် ယေရမိက နောက်နောင်တွင် ဣသရေလလူတို့အား ပဋိညာဉ်သစ်ကို ပေးမည့်အကြောင်း ကြိုတင်ပြောထားပြီးဖြစ်သည်။ ( ယေရမိ ၃၁း၃၁-၃၄ ) ။ ဤပရောဖက်ပြု ချက်သည် ဓမ္မသစ်ကျမ်းရောက်ရှိလာသောအခါ ပြည့်စုံသည်။ ( ဧ ဟာဗြဲ ၈း၆-၁၃ )။ ဒီကနေ့ကျွန်တော်တို့သည် ဘုရားသခင်က ဣသရေလလူတို့အားပေးသော ပညတ်အောက် တွင် မရှိတော့ပါ။ ကျွန်တော်တို့သည် ခရစ်တော်၏ ပညတ်အောက်တွင် အသက်ရှင်သည်။ ဓမ္မဟောင်း ကာလ တွင် မတူကွဲပြာသော လူများက အမြင့်ဆုံးသော ယဇ်ပုရောဟိတ်တာဝန်ကို ထမ်းဆောင်ခဲ့ကြသည်။ ယခုတွင် ယေရှုခရစ်တော်သည် ကျွန်တော်တို့၏ အမြင့်ဆုံးသော ယဇ်ပုရောဟိတ်ဖြစ်သည်။ ( ဟေဗြဲ ၄း၁၄-၁၆၊ ဟေဗြဲ ၇း၁၂) "ယဇ်ပုရောဟိတ်အမျိုးသည် ပြောင်းလဲလျှင်၊ ပညတ်တရားသည် မပြောင်းလဲပဲ မနေနိုင်ရာ"။

ဒီနတောင်ပေါ်တွင် ဣသရေလအမျိုးတို့အား ပေးသော ပညတ်တရားသည် ယေရှုခရစ်တော် လက်ဝါးကားတိုင်ပေါ်တွင် အသေခံသောအခါ အဆုံးသတ်လေပြီ။ ( ကောလောသဲ ၂း၁၄ ) "ငါတို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော ဝိနည်းအထုံးအဖွဲ့နှင့်စပ်ဆိုင်သောလက်မှတ်ကို ချေ၍ လက်ဝါးကားတိုင်မှာ ရိုက်ထား လျှက် ငါတို့စပ်ကြားထဲက ပယ်ရှင်းတော်မူပြီ။ "။ဂလာတိ အခန်းကြီး ၃ နှင့် ၄၊ ၂ကော အခန်းကြီး ၃ များကို ဆက်လက်လေ့လာပါ။

ယေရှုခရစ်တော်သည် မောရှေ၏ ပညတ်တော်အောက်တွင် မွေးဖွါးခဲ့သည်။ မောရှေ၏ ပညတ်ချက်များ ကို ကောင်းမွန်စွာ စောင့်ထိန်းခဲ့သည်။ ထို့ကြောင့်သူသည် တရားစရပ်များနှင့် ဗိမာန်တော်များတွင် ဝတ်ပြုကိုးကွယ်ခဲ့သည်။

ယေရှုသည် ကောင်းကင်ဘုံသို့ ပြန်လည်ကြွရောက်ပြီးနောက် သူ့တပည့်တော်တို့အား သူ၏ သွန်သင်ချက်များကို ဟောပြောရန် မိန့်တော်မူသည်။ ( မသဲ ၂၈း၁၉-၂၀ )။ ယေရှု၏တပည့်တော်တို့သည် တရားစရပ်များတွင် မကြာခဏ သွားရောက်ပြီး ဧ ဟာပြောသွန်သင်ကြသည်။ အကြောင်းမှာ ဂျူးလူမျိုးတို့သည် တရားစရပ်တို့တွင် စုဝေးကြသောကြောင့်ဖြစ်သည်။ သို့သော်လည်း

ယေရှု၏ တပည့်တော်တို့သည် ဥပုဒ်နေ့ကို နေ့ထူးနေ့မြတ်အဖြစ် မစောင့်ထိန်းကြတော့ပေ။ တပည့်တော်တို့သည် တရားစရပ်များကို သတင်းကောင်း ဟောပြောနိုင်သည့် နေရာအကောင်းဆုံးဟု အသုံးပြုခဲ့ကြသည်။

သမ္မာကျမ်းစာက ရှင်းလင်းစွာ သွန်သင်သည့်အရာမှာ ခရစ်ယာန်တို့၏ အထူးဝတ်ပြုကိုးကွယ်သော နေ့ထူးနေ့မြတ်သည် ခုနစ်ရက်တွင် ပထမဆုံးသောနေ့ရက်ဖြစ်သည်။ ( တမန်တော် ၂၀း၇၊ ၁ကော ၁၆း၁-၂ )

ဓမ္မဟောင်းကျမ်းက ကမ္ဘာ့သမိုင်းနှင့် ဘုရားသခင်သည် လူသားများနှင့် ဆက်သွယ်သည့်အကြောင်း ကယ်တင်ရှင်စေလွှတ်မည့်အကြောင်းများကို မှတ်တမ်းတင်ထားသည်။ ယခုတွင် ထိုကယ်တင်ရှင်သည် ကြွလာတော်မူပြီဖြစ်ပြီး ကျွန်တော်တို့သည် သူ၏ သွန်သင်ချက်များဖြစ်သော ပဋိညာဉ်သစ် တရားများကို စောင့်ထိန်းလိုက်လျှောက်ကြရမည်ဖြစ်သည်။ ( ဟေဗြဲ ၁း၁-၂ )

အစိုးရသည် ဥပဒေကျမ်းများကိုထုတ်ဝေသောအခါ တစ်ခါတစ်ရံတွင် အရင် ထုတ်လုပ်သော ဥပဒေများကိုလည်း ပါဝင်လာတတ်ပါသည်။ ထိုနည်းတူစွာ ဓမ္မသစ်သည်လည်း "သူများသားမယား ကို မပြစ်မှားရ" ကဲ့သို့သော ဓမ္မဟောင်း၏ ပညတ်ချက်များပါလာပါသည်။ သို့သော်လည်း ဓမ္မသစ်သည် တစ်ခါတစ်ရံတွင် ဓမ္မဟောင်းရှိ ဥပဒေများကို လုံးဝ ဖျက်ပယ်ထားသည်။ ဓမ္မသစ်ကျမ်းတွင် ဓမ္မဟောင်းထဲရှိ တိရိစ္ဆာန်ယဇ်ပူဇော်ခြင်းမျိုးကို လုံးဝ ဖျက်ပယ်ထားသည်။ ထို့အပြင် ဓမ္မသစ်သည် ခုနစ်ရက်တွင် ပထမနေ့ ၌ ဝတ်ပြုကိုးကွယ်ရမည်ဟူသော ပညတ်များကို တည်ဆောက်ထားသည်။

ရှေ့နေနှင့် တရားသူကြီးတို့သည် ဥပဒေဟောင်းထဲမှ သင်ယူလေ့လာသည့်နည်းတူ ကျွန်တော်တို့သည် ဓမ္မဟောင်းထဲမှ များစွာ သင်ယူလေ့လာရသည်။ သို့သော်လည်း ဓမ္မဟောင်းပညတ်များသည် ဒီကနေ့ကျွန်တော်တို့အား လုံးဝ အုပ်စိုးခြင်းမရှိတော့ချေ။

# သင်ခန်းစာ ၈ ကယ်တင်ခြင်းအတွက် ခြေလှမ်းများ

သမ္မာကျမ်းစာ က ဘုရားသခင်၏ ပညတ်တော်ကို ချိုးဖောက်ခြင်းသည် အပြစ်ဖြစ်သည်ဟုသွန်သင် သည်။(၁ယော၃း၄ )။ အဆိုးအကောင်းခွဲခြားတတ်သော အရွယ်ရောက်သည့် လူသားအားလုံးတို့သည် အပြစ် ရှိကြသည်။ ( ရောမ ၃း၂၃ )။ အပြစ်၏အခသည် ဘုရားသခင်နှင့် ခွဲခွါခြင်းဖြစ်သော သေခြင်းဖြစ်သည်။ ( ရောမ ၆း၂၃၊ ဟေရှာယ ၅၉း၁-၂)။ ၎င်းသည် မီးအိုင်ထဲသို့ ကျရောက်သော ဒုတိယ သေခြင်းဖြစ်သည်။ ( ဗျာ၂၁း၈)။

ဘုရားသခင်သည် ကျွန်တော်တို့ကို ချစ်သည်။ ဘုရားသခင်သည် ကျွန်တော်တို့နှင့် ခွဲခွါရန် အလိုတော် မရှိချေ။ ထို့ကြောင့် အပြစ်မှ ခွင့်လွှတ်ခြင်းရရှိနိုင်မည့် နည်းလမ်းကို ကျွန်တော်တို့အတွက် ပြင်ဆင်ပေးသည်။ ( ယော ၃း၁၆ )။ ဘုရားသခင်သည် လူကို ဖန်ဆင်းသောအခါ ပြည့်စုံ၍ စုံလင်စွာ ဖန်ဆင်းခဲ့သော်လည်း လူသည် အပြစ်ကျူးလွန်သောအခါ ထိုပြည့်စုံခြင်းကို ဆုံးရှုံးခဲ့သည်။ ဘုရားသခင် ဆုံးရှုံးခဲ့သော အရာကို ပြည့်စုံ၊ စုံလင် သောသူ တစ်ဦးကသာလျှင် ပြန်လည်ရယူနိုင်မည်ဖြစ်သည်။ ကျွန်တော်တို့သည် အပြစ်ရှိသောသူများဖြစ်သော ကြောင့် ဘုရားသခင်ထံသို့ ပြန်လည်ရောက်ရှိနိုင်ရန် မလုပ်ဆောင်နိုင်ပါ။ ဘုရားသခင်သည် မိမိ၌ တစ်ပါးတည်း သော သားတော်ကို စေလွှတ်ပြီး ကျွန်တော်တို့၏ အပြစ်များအတွက် ယဇ်ပူဇော်ရန် ပြည့်စုံ၊ မှန်ကန်စွာ အသက် ရှင်ခဲ့သည်။ ( ၁ယော ၄း၁၀ )။ ယေရှုသည် ကျွန်တော်တို့ ခံစားရမည့် ပြစ်ဒဏ်ကို ကိုယ်စား ခံခဲ့သည်။ ( ဟေရှာယ ၅၃း၄-၆ )။ ယေရှုသည် သူ့အပြစ်ကြောင့် အသေခံသည် မဟုတ်။ (၂ကော ၅း၂၁ )။ ကျွန်တော်တို့ သည် ပြစ်မှ ခွင့်လွှတ်ခြင်းရရှိနိုင်ရန်အတွက် ယေရှုသည် လက်ဝါးကားတိုင်တွင် ဒုက္ခခံစားခဲ့ရသည်။ ( ရောမ ၅း၆-၈၊ ၁ပေ ၂း၂၄ )။ ကျွန်တော်တို့သည် ကယ်တင်ခြင်းသို့ရောက်ပြီး ထာဝရအသက်ကို ရရှိနိုင်ရန် ယေရှု ခရစ်တော်ပြင်ဆင်ပေးသော ကယ်တင်ခြင်း လမ်းစဉ်ကို လိုက်နာကြရမည်။ ကျွန်တော်တို့သည် ကယ်တင်ခြင်း သို့ ရောက်ရှိနိုင်ရန်အတွက် အဆင့် ၆ ခု ရှိပါသည်။

နှုတ်ကပတ်တော် ကြားနာခြင်း

ပထမဆုံးတွင် ကျွန်တော်တို့သည် ယေရှု၏ သတင်းကောင်းကို

ကြားနာကြရမည်။ သမ္မာကျမ်းစာ က ယုံကြည်ခြင်းသည် ဘုရားသခင်၏ စကားတော်ကို ကြားနာခြင်းအားဖြင့် လာသည် ဟုသွန်သင်သည်။ (ရောမ ၁၀း၁၇ )။ လူတစ်ယောက်သည် မိဘနှစ်ပါး ခရစ်ယာန်ဖြစ်သောကြောင့် ခရစ်ယာန် ဖြစ်လာသည် မဟုတ်။ ယုံကြည်ခြင်းသည် အမွေဆက်ခံ၍ မရ။ ( ယေယျကျေလ ၁၈း၂၀ )။ လူတိုင်းသည် ယေရှုခရစ်တော်ကို ကိုယ်တိုင် ယုံကြည်ရမည်။ ခရစ်ယာန်ဘာသာသည် သွန်သင်သော ဘာသာတရားဖြစ်သည်။ ( မသဲ ၂၈း၁၉-၂၀ )။ လူတစ်ယောက်က ယေရှုခရစ်တော်သည် သူ၏အပြစ်အတွက် အသေခံကြောင်း၊ သင်္ဂြိုလ်ခြင်းကိုခံ၍ ပြန်လည်ထမြောက်ကြောင်းကြားနာခြင်းမ ရှိလျှင် ကယ်တင်ခြင်းသို့မရောက်နိုင်ပါ။ ( ၁ကော ၁၅း၁-၄)။ တမန်တော် ရှင်ပေါလု ရေးသားသည်မှာ ( ရောမ ၁၀း၁၄ )" သို့ရာတွင် မယုံကြည်လျှင် အဘယ်သို့ ပဌာနာ ပြုနိုင်မည်နည်း။ သတင်းကောင်းမကြားလျှင် အဘယ်သို့ယုံကြည်နိုင်မည်နည်း။ ဟောပြောသူမရှိလျှင် အဘယ်သို့ကြားနိုင်မည်နည်း။"။ လူတစ်ယောက်သည် ယုံကြည်ခြင်းမရှိခင် သတင်းကောင်းကြားရမည်။

ယုံကြည်ခြင်း

ဒုတိယတွင် လူတစ်ယောက်သည် ယေရှုသည် အသက်ရှင်သော ဘုရားသခင်၏ သားတော်ဖြစ် ကြောင်း ယုံကြည်ရမည်။ (မသဲ ၁၆း၁၆ )။ ယေရှုမိန့်တော်မူသည်မှာ " ငါသည် ဤမည်သောသူ ဖြစ်သည် ကို သင်တို့သည် မယုံလျှင် ကိုယ့်အပြစ်၌ သေကြလိမ့်မည်။"( ယော ၈း၂၄) ။ ဖိလိပ္ပိမြို့ရှိထောင်မှူးက ပေါလုနှင့် သေလတို့အား ဤသို့ မေးမြန်းခဲ့သည်။ " ကယ်တင်ခြင်းသို့ ရောက်ခြင်းငှါ အဘယ်သို့ ပြုရမည်နည်း။" ထိုသူတို့ က သခင်ယေရှုကို ယုံကြည်လျှင် သင်နှင့် သင်၏ အိမ်သူအိမ်သားတို့သည် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည် ဟု ပြောကြသည်။ ( တမန်တော် ၁၆း၃၀-၃၁)။ ယေရှုကလည်း ဤသို့ မိန့်တော်မူသည်။ "ယုံကြည်၍ ဗတ္တိဇံကို ခံသောသူသည် ကယ်တင်တော်မူခြင်းသို့ ရောက်လတံ့။ မယုံကြည်သောသူမူကား အပြစ်စီရင်ခြင်းကို ခံရလတံ့"( မာကု ၁၆း၁၆ )။ လူတစ်ယောက်သည် ယေရှုခရစ်တော်၏ သတင်းကောင်းကို ကြားသောအခါ ယုံကြည်ခြင်းရှိလာသည်။ ယုံကြည်ခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ကြားနာခြင်းအားဖြင့် ဖြစ်သေည်။(ရောမ ၁၀း၁၇)။ ထို့ကြောင့် သတင်းကောင်းကို တစ်ကမ္ဘာလုံးသို့ ဟောပြောရန် အလွန် အရေးကြီး သည်။ ( မာကု ၁၆း၁၅ )။

နောင်တရခြင်း

တတိယတွင် လူတစ်ယောက်သည် ကယ်တင်ခြင်းသို့ ေ

ရောက်နိုင်ရန် သူ့အပြစ်များမှ နောင်တ ရရမည်။ ( တမန်တော် ၁၇း၃၀-၃၁)။ နောင်တသည် လက်တွေ့လုပ်ဆောင်သော စိတ်ပြောင်းလဲခြင်းဖြစ်သည်။ နောင်တ ရခြင်းဟူသည် ဘုရားသခင်၏ ပညတ်တော်များကို ဆန့်ကျင်ခြင်း၊ ငြင်းပယ်သော အပြစ်များမှ စိတ်ပြောင်းလဲ ပြီး အပြစ်များ ကျူးလွန်နေခြင်းမှာ ရပ်သန့်ကာဘုရားသခင်၏ ပညတ်တော်များကို စတင်လိုက်လျောက်ခြင်းဖြစ် သည်။ ယေရှုမိန့်တော်မူသည်မှာ ေ နာင်တတရားနှင့် အပြစ်လွတ်ခြင်းတရားကို ယေရှုစလင်မြို့မှ စ၍ လူမျိုး အပေါင်းထံသို့ ဟောပြောရမည်ဟု ဆိုသည်။ ( လုကာ ၂၄း၄၇)။ နောင်တသည် ကျူးလွန်သော အပြစ်များ  အတွက် ဝမ်းနည်းခြင်း၏ ရလဒ်ဖြစ်သည်။ ( ၂ကော ၇း၁၀ )။ ပင်တိကုတ္တိနေ့၌ ဂျူးလူမျိုးများသည် ရှင်ပေတရု ၏ သင်တို့သည် ဘုရားသခင်၏ သားတော်ကို လက်ဝါးကားတိုင်တွင် ကွပ်မျက်ကြပြီဟူသော စကားကို ကြားသော အခါ သူတို့၏ စိတ်နှလုံးသည် ကြည်ကွဲဝမ်းနည်းကြသည်။ ( တမန်တော် ၂း၃၇ )။ သူတို့သည် သူတို့ ကျူးလွန် သောအပြစ်များမှ ခွင့်လွှတ်ခြင်းရလိုသောကြောင့် ဤသို့မေးမြန်းကြသည်။ "ကျွန်တော်တို့သည် အဘယ်သို့ ပြုရပါမည်နည်း"။ တမန်တော်တို့က "နောင်တ ရ၍ တစ်ယောက်မျှမကြွင်း ယေရှုခရစ်၏ နာမ၌ ဗတ္တိဇံကိုခံ ကြလော့"( တမန်တော် ၂း၃၇-၃၈ )။ လူတစ်ယောက်သည် နောင်တ ရသောအခါ အပြစ်များကို ကျောခိုင်း သည်။ ( ၁သက် ၁း၉ )။ သူသည် ကောင်းသော အကျင့်များကို ပြုလုပ်ခြင်းအားဖြင့် နောင်တရခြင်းကို ပြသ သည်။ ( မသဲ ၃း၈ )။

ဝန်ခံခြင်း

စတုတ္တမှာ လူတစ်ယောက်သည် ယေရှုခရစ်တော်ကို အသက်ရှင်သော ဘုရားသခင်၏ သားတော် ဖြစ်ကြောင်း ဝန်ခံရမည်။ ( မသဲ ၁၆း၁၆ )။ ဤကြီးမြတ်သော တရားသည် ခရစ်တော်၏ အသင်းတော် တည်ဆောက်ရာတွင် အဓိက အခြေခံအုတ်မြစ်ဖြစ်သည်။ ( မသဲ ၁၆း၁၈၊ တမန်တော် ၄း၁၁-၁၂ ၊ ၁ကော ၃း၁၁ )။ ယေရှုမိန့်တော်မူသည်မှာ ကျွန်တော်တို့သည် ခမည်းတော် ဘုရားသခင်ရှေ့မောက်တွင် ယေရှုခရစ်၏ ဝန်ခံခြင်းကို ရယူလိုပါက လူများရှေ့မောက်တွင် ယေရှုခရစ်တော်ကို လိုလိုလားလား ဝန်ခံရမည်။ ( မသဲ ၁၀း၃၂-၃၃၊)။ တမန်တော်ရှင် ပေါလု က ဤသို့ ရေးသားသည်။ ( ရောမ ၁၀း၈-၁၀ )"တစ်ဖန်ဆိုသည်ကား တရားတော်သည် သင်နှင့်နီး၏။ သင်၏နှုတ်၌၎င်း၊ သင်၏ နှလုံး၌ ၎င်း ရှိသည်ဟု ဆို၏။ ထိုသို့ဆိုသော် ငါတို့ ဟောသော ယုံကြည်ခြင်းတရားကို ဆိုလိုသတည်း။ အဘယ်သို့နည်းဟူမူကား သင်သည် သခင်ယေရှုကို နှုတ်ဖြင့် ဝန်ခံ၍ ဘုရားသခင်သည် သူ့ကို

သေခြင်းမှ ရှင်ပြန်ထမြောက်စေတော်မူပြီဟု စိတ်နှလုံး၌ ယုံကြည်
လျှင် ကယ်တင်ခြင်းသို့ ရောက်လိမ့်မည်။ ကယ်တင်ခြင်းသို့ ေ
ရာက်ခြင်းငှါ နှုတ်ဖြင့်ဝန်ခံရ၏။ ကျမ်းစာလာသည်ကား ထိုကျောက်ကို
အမှီပြုသောသူမည်သည်ကား ရှက်ကြောက်ခြင်းမရှိနိုင်ရာဟု
လာသတည်း။”

ဖိလိပ္ပုက သေယောပိ အမတ်ကို ယေရှု၏
အကြောင်းဟောပြောသောအခါ အမတ်က ငါ့ကို ဗတ္တိဇံ ပေးရန်
မည်သည့်အတားအဆီးရှိပါသနည်းဟုမေးသည်။ ဖိလိပ္ပုက
သင်သည် ယုံကြည်လျှင် ဗတ္တိဇံ ခံနိုင်သည် ဟု ဆို၏။ “ ယေရှုသည်
ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ဝန်ခံသည်။” ( တမန်တော်
၈း၃၅-၃၈)။ ကျွန်တော်တို့သည် ကယ်တင်ခြင်းသို့ရောက်နိုင်ရန်
ဤအရေးကြီးသော ဝန်ခံခြင်းကို ပြုရမည်။

ဗတ္တိဇံခံခြင်း

ပဉ္စမတွင် လူတစ်ယောက်သည် ကယ်တင်ခြင်းသို့ရောက်ရန်
ဗတ္တိဇံခံရမည်။ ယေရှုက “ ယုံကြည်၍ ဗတ္တိဇံ ကို ခံသောသူသည်
ကယ်တင်ခြင်းသို့ရောက်လတံ့” ဟုမိန့်တော်မူသည်။ ( မာကု ၁၆း၁၆ )။

ဗတ္တိဇံသည် ယုံကြည်ခြင်း၏ အသီးအပွင့်ဖြစ်ကြောင်းသတိရပါ။
သတင်းကောင်းကို မယုံကြည်သော လူတစ်ယောက်သည်သည်
စစ်မှန်သော ဗတ္တိဇံကို အပြုနိုင်ပါ။ ထို့ကြောင့် မွေးကင်းစကလေးသည်
ဗတ္တိဇံ မခံနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် အပြစ်ကျူးလွန်ရန်၊
သတင်းကောင်းကြားရန်၊ အပြစ်မှ နောင်တရရန်၊ နှင့် ေ
ယရှုခရစ်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ဝန်ခံနိုင်ရန်
အလွန်ငယ်ရွယ်ပါသေးသည်။ ထို့နောက် ဗတ္တိဇံသည် ေ
နာက်တရခြင်း၏ ရလဒ်လည်း ဖြစ်သည်။ ပင်တိကုတ္တေနေ့တွင်
ကယ်တင်ခြင်းသို့ ရောက်ရန် အဘယ်သို့ပြုရပါမည်နည်းဟု ေ
ပတရုအား မေးသောအခါ “နောင်တရ၍ တစ်ယောက်မျှ မကြွင်း ေ
ယရှုခရစ် ၏ နာမ၌ ဗတ္တိဇံခံကြလော့”ဟု ပြောသည်။ ( တမန်တော်
၂း၃၈ )။ လူတစ်ယောက်သည် စစ်မှန်သော နောင်တ မရှိလျှင်
စစ်မှန်သော ဗတ္တိဇံမခံနိုင်ပါ။

ဗတ္တိဇံသည် ရေထဲ၌ နှစ်ခြင်းဖြစ်သည်။ (ရောမ ၆း၃-၄
)။ ထို့ကြောင့် ရေဖျန်းခြင်းနှင့် လောင်းခြင်းသည် စစ်မှန်သော
ဗတ္တိဇံမဟုတ်။ ဗတ္တိဇံသည် ကယ်တင်ခြင်းသို့ရောက်နိုင်ရန်
အမိန့်ဖြစ်သည်။ ( မာကု ၁၆း၁၆ ၊ ၁ပေ ၃း၂၁)။ လူတစ်ယောက်သည်
ဗတ္တိဇံမခံမီ ကယ်တင်ခြင်းသို့ အရောက်နိုင်ပါ။ ဗတ္တိဇံသည်
အပြစ်မှ ခွင့်လွှတ်ခြင်း ရနိုင်ရန်ဖြစ်သည်။ ( တမန်တော် ၂း၃၈ )။
ကျွန်တော်တို့သည် အပြစ်များမှ ခွင့်လွှတ်ခြင်းရနိုင်ရန် ယေရှုသည်
အသွေးတော် သွန်းလောင်းခဲ့သည့် နည်းတူ ကျွန်တော်တို့သည်

အပြစ်များမှ ခွင့်လွှတ်ခြင်းရနိုင်ရန် ဗတ္တိဇံခံ ကြသည်။ ( မဿဲ ၂၆း၂၈ )။ ဗတ္တိဇံခံသောအခါ အပြစ်သား၏ အပြစ်များသည် ယေရှုခရစ်၏ အသွေးတော် အားဖြင့် ဆေးကြောသည်။ ( တမန်တော် ၂၂း၁၆ )။

လူတစ်ယောက်သည် အပြစ်မှ ခွင့်လွှတ်ခြင်းရနိုင်ရန်

၁။ ခရစ်တော်၏ သတင်းကောင်းကြားရမည်။

၂။ ယေရှုခရစ်တော်သည် ဘုရားသခင်၏ သားတော်ဖြစ်ကြောင်း ယုံကြည်ရမည်။

၃။ အပြစ်များမှ နောင်တ ရရမည်။

၄။ ခရစ်တော်သည် ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ဝန်ခံရမည်။

၅။ အပြစ်မှ ခွင့်လွှတ်ခြင်းရနိုင် ဗတ္တိဇံခံရမည်။

လူတစ်ယောက်သည် ဤအချက်များကို ပြုလုပ်သောအခါ သခင်ဘုရားသည် သူ့အသင်းတော် ထဲသို့ ပေါင်းထည့်ပေးသည်။ ( တမန်တော် ၂း၄၁-၄၇ ) ထိုသူသည် ဒုတိယ မွေးခြင်းခံသောသူဖြစ်သည်။ ( ယော ၃း၃-၅ ၊ ၂ကော ၅း၁၇ )။ သူသည် အလုံးစုံသော ဝိညာဉ်ကောင်းကြီးမင်္ဂလာရှိရာ ခရစ်တော် အထဲ၌ရှိသည်။ ( ဧဖက် ၁း၃ ၊ ဂလာတိ ၃း၂၆-၂၇)။ သူသည် ခရစ်ယာန် တစ်ယောက်ဖြစ်သည်။ ( တမန်တော် ၁၁း၆၊ ၁ပေ ၄း၁၆ )။

သင်သည် အပြစ်များမှ ကယ်တင်ခြင်းခံရပြီလား။ သင်သည် ဤရိုးရှင်းသော ကယ်တင်ခြင်းလမ်းစဉ် များကို လိုက်နာပြီလား။ သင်သည် မပြုလုပ်သေးပါက ဒီနေ့သည် သင့်အတွက် အကောင်းဆုံးသော အချိန် မဟုတ်ပါလား။

# သင်ခန်းစာ ၉ ယေရှု၏ တည်ထောင်သော အသင်းတော်

ယေရှုက ပေတရုအားမိန့်တော်မူသည်မှာ ( မသဲ ၁၆း၁၈ ) "ငါဆိုသည်ကား သင်သည် ပေတရုဖြစ်၏။ ဤကျောက်ပေါ်မှာ ငါ့အသင်းတော်ကိုငါတည်ဆောက်မည်။ ထိုအသင်းကို မရဏာနိုင်ငံ၏ တံခါးတို့သည် မနိုင်ရာ။"

ယေရှုက သူ့အသင်းတော်တည်ဆောက်ရန် ကတိပြုခဲ့သည်။ ယေရှုက အသင်းတော်များစွာ တည်ဆောက်ရန် ကတိမပြုခဲ့ပဲ အသင်းတော် တစ်ပါးတည်း တည်ဆောက်ရန်သာ ကတိပြုခဲ့သည်။ ယေရှု သည် သူ့အသင်းတော်ကို ပေတရုပေါ်တွင် မတည်ဆောက်ခဲ့ပါ။ ဓမ္မာသစ်ကျမ်းရှိ ပေတရုဟူသော ဂရိစကား လုံး၏ မူရင်းမှာ "Petros" ဖြစ်ပြီး အဓိပ္ပါယ်မှာ ကျောက်ခဲသေးသေးလေးဖြစ်သည်။ ယေရှုက "ဤကျောက်ပေါ်တွင်"ငါ့အသင်းငါတည်ဆောက်မည်ဟုမိန့်တောမူသည်။ ဂရိစကားလုံးကျောက်သည် "petra" ဖြစ်ပြီး အဓိပ္ပါယ်မှာ ကျောက်ဆောင်ကြီးဖြစ်သည်။ ထို့ကြောင့်ယေရှုသည် ကျောက်ခဲသေးသေးလေးဖြစ်သော ပေတရုအပေါ်တွင် သူ့အသင်းတော်တည်ဆောက်ရန် မဖြစ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် "ပေတရု" ဟူသော စကားလုံးနှင့် "ကျောက်ဆောင်"တို့သည် ကြီးမားသော အဓိပ္ပါယ်ကွာဟ မှုရှိသည်။

အသင်းတော်သည် သမ္မာတရားဖြစ်သော ပေတရု၏ ယေရှုခရစ်တော်သည် အသက်ရှင်တော်မူသော ဘုရားသခင်၏သားတော်ဖြစ်ကြောင်း ဝန်ခံမှုအပေါ်တွင် တည်ဆောက်ထားသည်။( မသဲ ၁၆း၁၆ )။ "ခရစ်တော်"၏ အဓိပ္ပါယ်မှာ "ဘိသိက်ခြင်းခံသောသူ" ဖြစ်သည်။ ယေရှုသည် ဓမ္မာဟောင်းကျမ်းထဲရှိ ဘုရား သခင်သည် လူသားများအား ကယ်တင်ရန်ကြွလာမည်ဟု ပရောဖက်ပြုချက်ဖြစ်သည်။ အသင်းတော်သည် ပေတရုအပေါ်တွင် တည်ထောက်ခြင်းမဟုတ်ပဲ သမ္မာတရားအပေါ်တွင် တည်ထောင်သည်။

ရှင်ပေါလုက ယေရှုခရစ်တော် ချထားသော အုတ်မြစ်မှတစ်ပါး အဘယ်သူမျှ အုတ်မြစ်မချနိုင်ဟု ရေးသားသည်။ (၁ကော ၃း၁၁ )။ အသင်းတော်သည် လူတစ်ဦးတစ်ယောက် တည်ထောင်သော အသင်းတော် ဖြစ်လျှင် ထိုအသင်းတော်သည် ယေရှုတည်ထောင်သော အသင်းတော်မဟုတ်။

ယေရှုသည် အသင်းတော်၏ ဦးခေါင်းဖြစ်တော်မူသည်။ ( ေ ကာလောသဲ ၁း၁၈ )။ "သူသည် အသင်းတော်တည်းဟူသော ကိုယ်၏ဦးခေါင်းဖြစ်တော်မူ၏။ အရာရာ၌ထူးမြတ်ခြင်းငှါ မူလအရင်းဖြစ်၍ သေသောသူတို့တွင် သားဦးဖြစ်တော်မူ၏"။ ေ ရာမမြို့၌ရှိသော ပုဒ်ရဟန်းမင်းကြီးသည် ယေရှုတည်ထောင်သော အသင်းတော်၏ ဦးခေါင်းမဟုတ်။ ဤကမ္ဘာပေါ်ရှိလူတစ်ယောက် (သို့) လူအုပ်စုတစ်စုသည် ယေရှုတည်ထောင် သော အသင်းတော်၏ ဦးခေါင်းမဟုတ်။ ယေရှုတစ်ပါးတည်းသာလျှင် ေ ကာင်းကင်နှင့်မြေကြီးပေါ်တွင် အခွင့်အာဏာ ရှိသောသူဖြစ်သည်။ (မသဲ ၂၈း၁၈ )။

အသင်းတော်တွင် ယေရှုတစ်ပါးတည်းသာလျှင် ဦးခေါင်းမဟုတ်ပါက ထိုအသင်းတော်သည် ယေရှု တည်ထောင်သော အသင်းတော်မဟုတ်။ အသင်းတော်သည် ခရစ်တော်၏ ခန္ဓာကိုယ်ဖြစ်သည်။ ( ဧဖက် ၁း၂၂-၂၃ )။" ခပ်သိမ်းသော အထွဋ်အမြတ်၊ အာဏာစက်၊ တန်ခိုး ၊ အစိုးရခြင်းမှ စ၍ ယခုဘဝ၊ နောင်ဘဝ၌ ခေါ်ဝေါ်သမုတ်သော ဘွဲ့နာမအလုံးစုံတို့ထက်၊ ေ ကာင်းကင်အရပ်၌ မိမိလက်ယာတော်ဘက်မှာ အလွန်မြင့်မြတ် ေ သာ နေရာကို ခရစ်တော်အား ပေးတော်မူ၍၊ ခြေဖဝါးတော်အောက်သို့ အလုံးစုံတို့ကို ချထားသဖြင့် အသင်းတော်ဖို့အလို့ငှါ၊ သူ့ကို အလုံးစုံတို့၏ အချုပ်အခြာဦးခေါင်းဖြစ်စေတော်မူ၏။ ထိုအသင်းတော်ကာ အလုံးစုံတို့ကို အလုံးစုံနှင့် ပြည့်စုံတော်မူသော သူ၏ပြည့်စုံခြင်းတည်းဟူသော ခရစ်တော်၏ ကိုယ်ဖြစ်သတည်း"။

လူတစ်ဦးတွင် ကိုယ်ခန္ဓာတစ်ခုတည်းသာရှိသည်။ ေ ယရှုသည် အသင်းတော်၏ ဦးခေါင်းဖြစ်၍ အသင်းတော်သည် သူ၏ ကိုယ်ခန္ဓာဖြစ်သောကြောင့် ယေရှု၌ အသင်းတော် တစ်ပါးတည်းသာရှိသည်။ ( ဧဖက် ၄း၄ )။" သင်တို့ကို ေ ခါ်တော်မူခြင်းနှင့် စပ်ဆိုင်သော မျှော်လင့်ခြင်းတစ်ပါးထဲသို့ ခေါ်သွင်းတော်မူသည်နှင့်အညီ ကိုယ်တစ်ကိုယ်၊ ဝိညာဉ်တစ်ဝိညာဉ်တည်းရှိ၏။"

ယေရှုသည် သူ့အသင်းတော်ဖြစ်သော ခန္ဓာကိုယ်ကို ကယ်တင်သောသူဖြစ်သည်။ ( ဧဖက် ၅း၂၃ ) "အကြောင်းမူကား ခရစ်တော်သည် အသင်းတော်၏ အပေါ်မှာ ဦးခေါင်းဖြစ်တော်မူသကဲ့သို့ ၊ ယောကျ်ားသည် မိမိခင်ပွန်းအပေါ်မှာ ဦးခေါင်းဖြစ်၏။ ခရစ်တော်သည် မိမိကိုယ်ခန္ဓာကို ကယ်တင်သောသူဖြစ်၏"။

အသင်းတော်သည် ခရစ်တော်၏ခန္ဓာကိုယ်ဖြစ်ပြီး ေ ယရှုသည် သူ၏ ကိုယ်ခန္ဓာကို ကယ်တင်သောသူ ဖြစ်သောကြောင့်

လူတစ်ယောက်သည် ကယ်တင်ခြင်းသို့ ရောက်လိုပါက ထိုသူသည် ယေရှုတည်ထောင်ထား သော အသင်းတော်ထဲတွင် ရှိနေရမည်ဖြစ်သည်။

ယေရှုကတိပြုခဲ့သောအသင်းတော်သည် ယေရှုသေခြင်းမှ ရှင်ပြန်ထမြောက်ပြီးနောက် ပင်တိကုတ္တိနေ့ ပထမနေ့ရက်တွင် အစပြုခဲ့သည်။ ပေတရုက လူအုပ်ကြီးအား ယေရှု၏ လက်ဝါးကားတိုင်ပေါ်အသေခံခြင်း၊ ရှင်ပြန်ထမြောက်ခြင်းနှင့် ေကာင်းကင်ပေါ်သို့ ပြန်လည်တက်ကြွသွားသည့်အကြောင်းကို ေဟာပြောခဲ့သည်။ ( တမန်တော် ၂း၃၆-၃၇ )။”ထို့ကြောင့်သင်တို့သည် လက်ဝါးကပ်တိုင်မှာ ကွပ်မျက်သော ယေရှုကို ဘုရာသခင် သည် ခရစ်တော်အရာ၌၄င်း၊ အစိုးရသော အရှင်အရာ၌၄င်း ခန့်ထားသည့်အကြောင်းကို ဣသရေလ အမျိုးအပေါင်းတို့ အတပ်အမှန်သိမှတ်ကြလော့ဟု ပေတရုဟောလေ၏။ ထိုသူတို့သည် ကြားရလျှင် စိတ်နှလုံး ပူပန်ခြင်းရှိ၍ ညီအစ်ကိုတို့ အဘယ်သို့ပြုရပါမည်နည်းဟု ပေတရုမှစ၍ အခြားသော တမန်တော်တို့အား မေးမြန်းကြ၏”။

ပေတရုက သူတို့အား ရှင်းလင်းပြတ်သားစွာ အမိန့်ပေးခဲ့သည်။ ( တမန်တော် ၂း၃၈ )။” ပေတရု ကလည်း သင်တို့၏အပြစ်ကို လွှတ်စေခြင်းငှါ နောင်တရ၍ တစ်ယောက်မျှမကြွင်း ေယရှုခရစ်၏နာမ၌ ဗတ္တိဇံ ကို ခံကြလော့။ သို့ပြုလျှင် သန့်ရှင်းသော ဝိညာဉ်တော်နှင့် ဆုကျေးဇူးတော်ကို ခံရကြလိမ့်မည်။”။

သမ္မာကျမ်းစာပြောသည်မှာ ( တမန်တော် ၂း၄၁ )။ “ထိုစကားကို အသင့်နှလုံးသွင်းမိသော သူတို့သည် ဗတ္တိဇံကို ခံ၍ ထိုနေ့၌အရေအတွက်အားဖြင့် သုံးထောင်မျှလောက်သော သူတို့သည် ဝင်ကြ၏”။

တမန်တော်ဝတ္ထုအခန်းကြီး၂ ၏ နောက်ဆုံးကျမ်းချက်တွင် “ကယ်တင်ခြင်းသို့ရောက်သော သူတို့ကို လည်း နေ့စဉ်မပြတ် သခင်ဘုရားသည် သင်းဝင်စေတော်မူ၏”။( တမန်တော် ၂း၄၇)။

လူသည် ယေရှုခရစ်တော်ကို ဘုရားသခင်၏သားတော်ဖြ စ်ကြောင်းယုံကြည်၍ ၊ အပြစ်များမှ နောင်တရ ကာ၊ အပြစ်များမှ ခွင့်လွှတ်ခြင်းရနိုင်ရန် ဗတ္တိဇံခံပါက ဘုရားသခင်သည် သူ့အသင်းတော်ထဲသို့ ပေါင်းထည့် ပေးသည်။

သင်သည် ယေရှုတည်ထောင်ထားသော အသင်းတော်၏ သင်းဝင်သူဖြစ်ပြီလား။ သင်သည် အသင်းတော် အစပြုသောနေ့ ပင်တိကုတ္တိနေ့တွင် လူများပြုလုပ်သည့် အတိုင်းလုပ်ဆောင်ခြင်းအားဖြင့် ယနေ့တွင် အသင်းဝင်ဖြစ်နိုင်ပါသည်။ ယုံကြည်၍ ယေရှုခရစ်တော်သည် အသက်ရှင်တော်မူသော

ဘုရားသခင် ၏သားတော်ဖြစ်ကြောင်း ဝန်ခံပြီး အပြစ်များမှ ေ
နာင်တရကာ သင်၏အပြစ်များမှ ခွင့်လွှတ်ခြင်းရရန် ဗတ္တိဇံခံပါ။
သင်သည် ဤကဲ့သို့ပြုလုပ်သောအခါ သခင်ဘုရားကိုယ်တော်တိုင်
သူတည်ထောင်သော အသင်းတော်ထဲသို့ သင်းဝင်စေမည်။

# သင်ခန်းစာ ၁၈ ခရစ်တော်၏အသင်းတော်၌ ဝတ်ပြုကိုးကွယ်ခြင်း

ယေရှုမိန့်တော်မူသည်မှာ " ကိုးကွယ်သောသူမှန်သမျှတို့သည် ခမည်းတော်ကို နံဝိညာဉ်နှင့်၎င်း၊ သစ္စာတရားနှင့်၎င်း၊ ကိုးကွယ်ရမည့်အချိန်ကာလသည် လာ၍ ယခုပင်ရောက် လျက် ရှိ၏။ အကြောင်းမူကား ထိုသို့ကိုးကွယ်သောသူတို့ကို ခမည်းတော်သည် အလိုတော်ရှိတော်မူ၏။ ဘုရားသခင်သည် နံဝိညာဉ်ဖြစ်တော်မူ၏။ ဘုရားသခင်ကို ကိုးကွယ်သောသူတို့သည် နံဝိညာဉ်နှင့်၎င်း၊ သစ္စာနှင့်၎င်း၊ ကိုးကွယ်ရ မည်ဟု မိန့်တော်မူ၏"။ ( ယောဟန် ၄း၂၃-၂၄ )။

ကျွန်တော်တို့၏ ဝတ်ပြုကိုးကွယ်ခြင်းသည် ဘုရားသခင်၏ နှစ်သက်တော်မူသော ဝတ်ပြုကိုးကွယ်ခြင်း ဖြစ်ရန် အချက်နှစ်ခု ကို ဖေ တာင်းဆိုပါသည်။

၁။ ကျွန်တော်တို့သည် နံဝိညာဉ်နှင့် ဝတ်ပြုကိုးကွယ်ရမည်။ ကျွန်တော်တို့၏နှလုံးသားသည် မှန်ကန်နေရမည်။ ကျွန်တော်တို့၏ အသက်တာသည် မှန်ကန်နေရမည်။ ကျွန်တော်တို့၏ အပြုအမူတို့သည် မှန်ကန်နေရမည်။ ကျွန်တော်တို့သည် မိမိလုပ်ဆောင်နေသော အရာများကို လေးနက်စွာ စဉ်းစားရမည်။ ( ဧ ဟာရှာယ ၁း၁၁-၂၀၊ သု ၂၈း၉၊ မသဲ ၁၅း၈ )

၂။ ကျွန်တော်တို့သည် သမ္မာတရားနှင့် ဝတ်ပြုကိုးကွယ်ရမည်။ ဘုရားသခင်ကို သမ္မာတရားနှင့် ဝတ်ပြု ကိုးကွယ်ရမည်ဟုဆိုရာတွင် သမ္မာကျမ်းစာနှင့်အညီဝတ်ပြုကိုး ကွယ်ခြင်းကို ဆိုလိုသည်။ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သမ္မာတရားဖြစ်သည်။ (ယော ၁၇း၁၇ )။ ထို့ကြောင့်ကျွန်တော်တို့၏ ဝတ်ပြုကိုးကွယ်ခြင်း သည် ဘုရားသခင်၏ နှစ်သက်တော်မူသော ဝတ်ပြုကိုးကွယ်ခြင်းဖြစ်ရန် နှုတ်ကပတ်တော်အတိုင်း လုပ်ဆောင်ရ မည်ဖြစ်သည်။

ဓမ္မသစ်ထဲတွင် ခရစ်ယာန်များ၏ ဝတ်ပြုကိုးကွယ်ခြင်းပုံစံ ဖေ ဖာ်ပြထားသည်။ ဓမ္မဟောင်းထဲရှိဝတ်ပြု ကိုးကွယ်ခြင်းပုံစံဖြစ်သော ကခုန်ခြင်း၊ တီးမှုတ်ခြင်း၊ တိရစ္ဆာန်ယဇ်ပူဇော်ခြင်း၊ ဖေ နံ့ထုံးနေ့မြတ်စောင့်ခြင်းနှင့် နံ့သာဆီမီးယဇ်ပူဇော်ခြင်းတို့သည် ဣသရေလ လူမျိုးတစ်မျိုးတည်းအတွက်သာ ဖေ ပးထားခြင်းဖြစ်သည်။ ဓမ္မဟောင်းထဲရှိ ဘုရားသခင်၏

လူမျိုးဖြစ်သော ဣသရေလလူမျိုးများအတွက် ပေးထားသော ပညတ်ချက်များ သည် လက်ဝါးကားတိုင်တွင် ကုန်ဆုံးပြီဖြစ်သည်။ ( ကော ၂း၁၃-၁၄ )။ ခရစ်ယာန်တို့သည် ခရစ်တော်၏ ပညတ်ဖြစ်သော ၊ လူသားအားလုံးအတွက် ပေးထားသော ဝတ်ပြုကိုးကွယ်ခြင်းကို ဓမ္မသစ်ထဲတွင် သင်ယူ ရမည်ဖြစ်သည်။ ဘုရားသခင်နှစ်သက်မြတ်နိုးသော ဝတ်ပြုကိုးကွယ်ခြင်းများကို ဓမ္မသစ်ထဲတွင် ရှင်းလင်း ပြတ်သားစွာ ဖော်ပြထားသည်။

သခင်ဘုရား၏ ညစာစားပွဲ

၁ကော၁၁း၁၆ တွင် သခင်ဘုရား၏ညစာစားပွဲ (သို့) ပွဲတော်မင်္ဂလာ သည် အချက်နှစ်ခုပါဝင်သည်။ ၁။ တဆေးမဲ့မုန့်နှင့် ၂။ စပျစ်ရည်တို့ဖြစ်ကြသည်။ သခင်ဘုရား၏ ညစာစားပွဲရည်ရွယ်ချက်မှာ သခင်ယေရှုသည် လက်ဝါးကားတိုင်ပေါ်တွင် ကျွန်တော်တို့၏ အပြစ်များအတွက် မိမိကိုယ်ခန္ဓာကို ယဇ်ပူဇော်ကာ အသွေးတော် သွန်းလောင်းခြင်းကို အောက်မေ့သတိရရန်ဖြစ်သည်။ ( မသဲ ၂၆း၂၆ -၂၉ )။ ကျွန်တော်တို့သည် ပွဲတော်မင်္ဂလာ ကို ဆက်ဆံသောအခါ ယေရှုခရစ်တော်၏ ခန္ဓာကိုယ်ကိုနှင့် အသွေးတော်သွန်းလောင်းခြင်းကို အောက်မေ့ခြင်း ဖြင့် လေးလေးနက်နက်စဉ်းစားပြီး ဆက်ဆံကြရမည်။( ၁ကော ၁၁း၂၃-၃၀)။ ခရစ်ယာန်တို့သည် ခုနစ်ရက်၏ ပထမဆုံးသော နေ့ရက်တိုင်းတွင် ပွဲတော်မင်္ဂလာကို စားသုံးကြရမည်။ ( တမန်တော် ၂၀း၇ )။

ဆုတောင်းခြင်း

ဘုရားသခင်ထံတော်သို့ ဆုတောင်းပဌနာပြုခြင်းသည် ဝတ်ပြုကိုးကွယ်ခြင်းနှင့် နေ့စဉ်အသက်တာ တွင် လုပ်ဆောင်ရမည်ဖြစ်သည်။ ဆုတောင်းခြင်းနှင့် ပတ်သက်၍ သွန်သင်ချက်များစွာရှိသည်။( ၁တိ ၂း၁-၂၊ ဖိလိပ္ပိ ၄း၆)။ကျွန်တော်တို့သည် ဘုရားသခင်ထံသို့ ဆုတောင်း ပဌနာပြုသောအခါ ကျေးဇူးတော်ချီးမွမ်းခြင်းနှင့် သူ၏ နာမတော်ကို ချီးမြောက်ထောမနာပြုခြင်းဖြစ်သည်။ ကျွန်တော်တို့၏ လိုအပ်ချက်များနှင့် အခြားသူများအတွက် လည်းဆုတောင်းကြသည်။

ယေရှုက ကျွန်တော်တို့အား ဆုတောင်းရမည့်ပုံစံကို ပေးထားသည်။ ( မသဲ ၆း၅-၁၅ )။ ဤနေရာတွင် ယေရှုက ထပ်ဖန်တလဲလဲရွက်ဆိုပြီး အလွတ်ကျက်မှတ်ရန် ရည်ရွယ်ခြင်းမဟုတ်ပဲ၊ ကျွန်တော်တို့အား ဆုတောင်းရမည့် ပုံစံကို သင်ပေးနေခြင်းဖြစ်သည်။ခရစ်တော်သည် ကျွန်တော်တို့နှင့် ဘုရားသခင်ကြားတွင် ကြားဝင်ဆောင်ရွက်ပေးသော အမြင့်ဆုံးသော ယဇ်ပုရောဟိတ်မင်းဖြစ်သည်။ ထို့ကြောင့် ကျွန်တော်တို့သည်

ယေရှုနာမ၌ ဆုတောင်းသောအခါ ဘုရားသခင်ထံတော်သို့ ပို့ဆောင်ပေးသည်။ ( ယော ၁၆း၂၃၊ ၁တိ ၂း၅၊ ဟေဗြဲ ၄း၁၄-၁၆၊ ၁ယော ၁း၁-၂)။

နှုတ်ကပတ်တော် ဟောပြောခြင်း

ဘုရားသခင်သည် ကျွန်ုပ်တော်တို့အား သူ၏ နှုတ်ကပတ်တော်ကို ဟောပြောသွန်သင်ရန် မိန့်တော်မူ သည်။ ( မသဲ ၂၈း၁၉-၂၀ )။ ကယ်တင်ခြင်းသို့ ရောက်သောသူဖြစ်စေ၊ မရောက်သေးသူဖြစ်စေသွန်သင်ရန် လိုအပ်သည်။ ထို့ကြောင့် နှုတ်ကပတ်တော် သင်ကြားခြင်းသည် ခရစ်ယာန်တို့၏ ဝတ်ပြုကိုးကွယ်ခြင်း တစ်ခု ဖြစ်သည်။ (တမန်တော် ၂း၄၂ )။ ကျွန်ုပ်တော်တို့သည် ခရစ်တော်၌ တိုးတက်ကြီးထွားရန်၊ အခြားသူများကို သွန်သင်နိုင်ရန် နှင့် မှားယွင်းသော သွန်သင်ချက်များကို ကာကွယ်နိုင်ရန် နှုတ်ကပတ်တော်ကို သင်ယူ ကြရမည်။( ၁ပေ ၂း၂-၃၊ ၂တိ၂း၂ ၊ ၂တိ၄း၁-၅ )။

ပေးကမ်းခြင်း

ပေးကမ်းခြင်းသည် ဝတ်ပြုကိုးကွယ်ခြင်း၏ အပိုင်းတစ်ခုဖြစ်သည်။ ပေးကမ်းစွန့်ကြဲခြင်းသည် သာသနာ လုပ်ငန်းလုပ်ဆောင်နိုင်ရန် လိုအပ်သော ခရစ်တော်၏အသင်းတော်၌ တစ်ခုတည်းသော ရံပုံငွေဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တော်တို့အား ပေးကမ်းရမည့် ရည်ရွယ်ချက်ကို ရှင်းလင်းစွာ ဖော်ပြထားသည်။ ( ၁ကော ၁၆း၂ )။ သမ္မာကျမ်းစာက ကျွန်ုပ်တော်တို့အား ပေးကမ်းခြင်းနှင့် ပတ်သက်၍ အယောက်စီတိုင်းပေးရန်၊ ခုနစ်ရက် တွင် ပထမနေ့ရက် ၌ ပေးရန်၊ မိမိကောင်းစားသည့်အတိုင်းပေးရန် သွန်သင်သည်။ ကျွန်ုပ်တော်တို့သည် ရက်ရော စွာ ပေးကမ်းခြင်းအားဖြင့် ဘုရားသခင်အား မည်မျှချစ်သည်ကို ပြသ သည်။( ၂ကော ၉း၇ )။

သီချင်းဆိုခြင်း

ခရစ်ယာန်တို့သည် သီချင်းဆို၍ ချီးမွမ်းရန် သွန်သင်ထားသည်။ ( ကောလောသဲ ၃း၁၆ )။ အသင်းတော် ထဲတွင် ဘုရားသခင်နှစ်သက်မြတ်နိုးသော တီးသံ မှာ ပင်ကိုအသံ ဖြင့် သီချင်းဆိုခြင်း ပင်ဖြစ်သည်။ ခရစ်ယာန် များ၏ ဝတ်ပြုကိုးကွယ်ခြင်း၌ တီးဂီတများ အသုံးပြုရန် ဓမ္မသစ်ထဲတွင် သွန်သင်ခြင်းမရှိပါ။ တီးဂီတ ပါ၍ သီချင်း ဆိုခြင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အပို ထပ်ထည့်ခြင်းပင်ဖြစ်သည်။ လူသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပြုပြင်ပိုင်ခွင့်မရှိပါ။( ဗျာ ၂၂း၁၈-၁၉၊ ၁ယော ၉-၁၁ )။ ကျွန်ုပ်တော်တို့သည် လူတီထွင်သော တီးဂီတ များကို မဟုတ်ပဲ၊ ဘုရားသခင်ပေးသနားတော်မူသော တီးသံ ဖြစ်သည့်

နှလုံးသားဖြင့် ချီးမွမ်း သီချင်း ဆို ရန်ဖြစ်သည်။ ( ဖေက် ၅း၁၉ )။
ထို့နောက် တစ်ပင်တိုင်သီဆိုခြင်းနှင့် အုပ်စုလိုက် သီဆိုခြင်းတို့သည် လည်း ဘုရားသခင်တားမြစ်ထားသည်။ ကျွန်တော်တို့သည် သီချင်းဆိုခြင်းအားဖြင့် မိမိကိုယ်ကိုယ် ၄င်း၊ သူတပါးကို ၄င်း ခွန်အားပေး တိုက်သွန်းကြသည်။ ( ကောလောသဲ ၃း၁၆ )။ ခရစ်ယာန်တိုင်းတို့သည် မိမိကိုယ်စီ အတွက် ပွဲတော်မင်္ဂလာ စားသုံးသကဲ့သို့ မိမိကိုယ်စီ သီချင်းဆိုရမည်။ ဝတ်ပြုကိုးကွယ်ရာတွင် ကျွန်တော်တို့၏ ပရိသတ် နှင့် နားထောင်ပေးသောသူမှာ ဘုရားသခင်သာလျှင်ဖြစ်သည်။ ဝတ်ပြုကိုးကွယ်သောအခါ မိမိကိုယ်မိမိ ကျေနပ် ရန်မဟုတ်။ ထို့ကြောင့် ကျွန်တော်တို့သည် ဝတ်ပြုကိုးကွယ်ကြသောအခါ မိမိကျေနပ်ခြင်း၊ မကျေနပ်ခြင်းအပေါ် အခြေအခံပဲ ဘုရားသခင် နှစ်သက်မြတ်နိုးခြင်းအပေါ်တွင် အခြေခံရမည်ဖြစ်သည်။

ကျွန်တော်တို့သည် ဘုရားသခင်၏ ဘုန်းအာနုဘော်၊ တန်ခိုးတော် အစွမ်းသတ္တိနှင့် သနားခြင်းဂရုဏာတော်၊ ကျွန်တော်တို့အပြစ်မှ ကယ်တင်ရန်အတွက် သူ၏ သားတော်ယေရှု ပေးကမ်းခြင်းများ ကို စဉ်းစားဆင်ခြင်သောအခါ ကျွန်တော်တို့၏ နှလုံးသားသည် ဝမ်းမြောက်ခြင်းနှင့် ပြည့်လျှက်ရှိသည်။ ထိုအရာ များကို စဉ်းစားဆင်ခြင်ခြင်းအရာများပေါ်တွင် ခြေခံပြီး ကျွန်တော်တို့၏ နှလုံးသားမှ ထွက်ပေါ်လာသော ဝန်ခံခြင်း နှင့်အတူ နှုတ်ကပတ်တော်အသီးဖြင့် ချီးမွမ်းသီချင်းဆိုကြရမည်။ ( ဟေဗြဲ ၁၃း၁၅ )။

# သင်ခန်းစာ ၁၁ ခရစ်တော်၏အသင်းတော် ဖွဲ့စည်းပုံ

အသင်းတော်သည် ဘုရင်တစ်ပါးကဲ့သို့ ခရစ်တော်အုပ်စိုးသော နိုင်ငံဖြစ်သည်။ ( ၁တိ ၆း၁၅၊ ယော ၁၈း၃၇၊ ယော ၁၉း၁၉)။ ခရစ်ယာန်တို့သည် ထိုနိုင်ငံတော်ထဲရှိ ပြည်သူပြည်သားများဖြစ်ကြသည်။ ( ကော ၁း၁၃၊ ဟေဗြဲ ၁၂း၂၈ ၊ ဗျာ ၁း၉)။ ဤကမ္ဘာတစ်ခုလုံးသည် ထိုနိုင်ငံ၏ နယ်နိမိတ် အကျယ်အဝန်းဖြစ်သည်။ ( မသဲ ၂၈း၁၉၊ မာကု ၁၆း၁၅၊ တမန်တော် ၁း၈)။ ကျွန်တော်တို့သည် ထိုနိုင်ငံတော်ထဲသို့ ဒုတိယမွေးဖွားခြင်းအားဖြင့် ဝင်ရောက်နိုင်သည်။ ( ယော ၃း၅ )။

ဦးခေါင်းတစ်လုံး၊ ဘုရင်တစ်ပါး

အသင်းတော်သည် ခရစ်တော်၏ ကိုယ်ခန္ဓာ ဖြစ်ပြီး ခရစ်တော်သည် ထိုခန္ဓာကိုယ်၏ ဦးခေါင်းဖြစ်သည်။ ( ဧဖက် ၁း၂၂-၂၃၊ ၄း၄)။ အခွင့်အာဏာရှိသမျှတို့သည် ခရစ်တော်၌ရှိသည်။( မသဲ ၂၈း၁၈၊ ကော ၁း၁၈)။ ခရစ်တော်သည် ဦးခေါင်းဖြစ်သောကြောင့် ကျွန်တော်တို့သည် ထိုဦးခေါင်းမှ သွန်သင်သည့်အတိုင်း လုပ်ရှားသည်။ သူသည် ဘုရင်ဖြစ်သောကြောင့် ကျွန်တော်တို့သည် သူ၏ အမိန့်တော်ကို နာခံရမည်။ ( ဧဖက် ၅း၂၄)။

အသင်းတော်သည် ဤလောကတွင် ဌာနချုပ်မရှိ။ ခရစ်တော်၏ အသင်းတော် ၏ ဌာနချုပ်သည် ကောင်းကင်ဘုံဖြစ်သည်။ ခရစ်တော်၏ အသင်းတော်တိုင်းသည် မိမိကိုယ်ကိုယ် လွတ်လပ်စွာ အုပ်စိုးထားသည်။ သခင်ဘုရား၏အသင်းတော်တွင် ချုပ်ကိုင်သော ပုဒ်ရဟန်းမင်းကြီး၊ ကောင်စီအဖွဲ့ချုပ်ဟူ၍ လုံးဝမရှိ။ ဗျာဒိတ်ကျမ်း၏ အခန်းကြီး ၂ နှင့် ၃ တို့တွင် ခရစ်တော်သည် အသင်းတော်အသီးသီးတို့အား တိုက်ရိုက် စကားပြော ကြောင်းတွေ့နိုင်သည်။ အသင်းတော်တိုင်းသည် မိမိပြုလုပ်သည့် အဆိုးအကောင်းအတွက် ခရစ်တော်အား အစီရင်ခံကြရမည်ဖြစ်သည်။

သင်းအုပ်များ

အရည်အချင်းရှိသော ယောကျာ်းများသည် အသင်းတော်တိုင်းတွင် သင်အုပ်အဖြစ် ခန့်ထားကြရမည်။ (တမန်တော် ၁၄း၂၃၊ တိတု ၁း၅ )။ဓမ္မသစ်ကျမ်းတွင် သင်းအုပ်များကို သင်းလူကြီးများ ( ၁တိ ၄း၁၄ ) သင်းအုပ်များ ( ဖိလိပ္ပိ ၁း၁၊ တိတု ၃း၁-၂) အအုပ်အချုပ်များ( တမန်တော် ၂၀း၂၈၊ ၁ပေ၅း၂ )၊ ဓမ္မဆရာများ ( ဧဖက် ၄း၁၁-

၁၂) နှင့် သိုးထိန်းများ ဟုခေါ်သည်။ ဓမ္မဆရာ၏ ရိုးရှင်းသော အခြားစကားလုံးမှာ သိုးထိန်း ဖြစ်သည်။ အသင်းတော်ထဲရှိ တရားဟောဆရာများသည် သင်းအုပ်အမှုကို မထမ်းဆောင်နိုင်သရွေ့ သိုးထိန်း ဟု မခေါ်ဆိုနိုင်ပေ။ အသင်းတော်အသီးသီးတို့၏ သင်းအုပ်များသည် သိုးထိန်းများဖြစ်ကြသည်။ ( ၁ပေ ၅း၁-၄ )။ သင်းအုပ်များ၏ အရည်အချင်းများကို ၁တိ၃း၁-၇ နှင့် တိတု ၁း၅-၁၃ တွင် စာရင်း ပြုစုထားသည်။ သစ္စာရှိသော ခရစ်ယာန် သို့မဟုတ် သင်းအုပ်တစ်ယောက်သည် သစ္စာရှိသော မိန်းမနှင့် သားသမီးများရှိရမည်။ ထိုသူသည် ဘာသာဝင်သစ် မဖြစ်ရ။ ဒေသန္တရ အသင်းတော် တစ်ခုတွင် သင်းအုပ်သည် တစ်ယောက်ထက် များရမည်ဖြစ် သည်။ သမ္မာကျမ်းစာက သင်းအုပ်များဟု ( အများကိန်း) ကို ဖော်ပြသည်။ ( တမန်တော် ၁၄း၂၃၊ ၂၀း ၁၇-၂၈ )။ သင်းအုပ်များသည် ဘုရားသခင်၏ သိုးစုများကို လမ်းပြခြင်း၊ ကာကွယ်ခြင်း၊ ကျွေးမွေးခြင်းနှင့် အုပ်စိုးခြင်းများကို လုပ်ဆောင်ရမည်။ ( ၁ပေ ၅း၁-၄၊ တမန်တော် ၂၀း၂၈၊ ၁တိ၅း၁၇၊ ဟေဗြဲ ၁၃း၁၇ )။

သင်းထောက်များ

အရည်အချင်းရှိသော သင်းထောက်များကို ဒေသန္တရအသင်းတော်တိုင်းတွင် ခန့်အပ်ထားရမည်။( ဖိလိပ္ပိ ၁း၁ )။ သူတို့၏ ရှိထားရမည့် အရည်အချင်းများကို ၁တိ ၃း၈-၁၃ တွင် စာရင်းပြုစုထားသည်။ သင်းထောက်များ ၏ လုပ်ဆောင်ရမည့် အလုပ်သည် တမန်တော် အခန်းကြီး ၆း ၁-၆ ထဲရှိ မှတ်တမ်းတင်ထားသည့် အတိုင်းဖြစ် ရမည်။ သင်းထောက်သည် ယောကျ်ားများသာ ဖြစ်ရမည်။ မိန်းမတို့သည် မယားတစ်ယောက်တည်းသာ ရှိရမည် ဟု မဖြစ်နိုင်သောကြောင့် သင်းထောက်မဖြစ်နိုင်။( ၁တိ ၃း၁၂ )။

တရားဟောဆရာများ

တရားဟောဆရာများ၏ အလုပ်မှာ နှုတ်ကပတ်တော်ဟောပြောခြင်းဖြစ်သည်။ ( ၁တိ ၄း၁-၅ ) သင်းအုပ် နှင့် သင်းထောက်သည့်နည်းတူ တရားဟောဆရာသည် ယောကျ်ားဖြစ်ရမည်။ ( ၁တိ ၂း၈-၁၅ ) ။ သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဟောပြောသော အမှုတော်ဆောင်များဖြစ်ကြသည်။ ( ၂တိ ၄း၅ )။ ဓမ္မသစ်ကျမ်းထဲတွင် တရားဟောဆရာများကို REVEREND သို့မဟုတ် အဘ ( FATHER )ဟု ဘယ်သောအခါမျှ ခေါ်ဆိုခြင်းမရှိ။ ( မသဲ ၂၃း၈-၁၂ )။

အသင်းသူအသင်းသားများ

သတင်းကောင်းကို နာခံသောသူ အားလုံးတို့သည် အသင်းသူ အသင်းသားများ ဖြစ်ကြသည်။ (ဂလာတိ ၃း၂၇၊ ဖေက် ၁း၃ )။

အသင်းသူအသင်းသား အားလုံးတို့သည် သင်းအုပ်ကို နာခံရမည်။ ( ဟေဗြဲ ၁၃း၁၇ )။ သူတို့သည် မယုံကြည်သောသူတို့ကို သွန်သင်နိုင်သောသူဖြစ်ရမည်။( တမန်တော် ၈း၄ ၊ ၂တိ ၂း၂၄-၂၅ )။ သူတို့သည် ဘာသာရေးကို ကိုင်းရှိုင်းသောသူဖြစ်ရမည်။( ယာကုပ် ၁း၁၇ )။ သူတို့သည် အချင်းချင်း တည်ဆောက်ကြရမည်။( ဟေဗြဲ ၃း၁၃ ) သူတို့သည် အချင်းချင်း ရိုင်းပင် ကူညီကြရမည်။ ( မသဲ ၂၂း၃၉၊ ၂၀း၂၆ )။

ခရစ်တော်သည် ဒေသန္တရအသင်းတော်၏ ဦးခေါင်းဖြစ်ပြီး အရည်အချင်းရှိသော သူတို့သည် ဒေ္သန္တရ အသင်းတော်တိုင်း၏ သင်းအုပ်များဖြစ်ကြသည်။ တစ်ခါတစ်ရံတွင် ဒေ္သန္တသရ အသင်းတော်၌ သင်းအုပ်နှင့် သင်းထောက်မရှိဖြစ်နိုင်သည်။ အကြောင်းမှာ ေသဆုံးသွား သော်လည်းကောင်း၊ အရည်အချင်းပြည့်မှီသူ မရှိသော အချိန်မျိုးတွင် ဖြစ်သည်။ သင်းအုပ်နှင့် သင်းထောက်မရှိသော ေဒသန္တရ အသင်းတော်သည် ဓမ္မသစ် ၏ စည်းကမ်းများကို လိုက်နာ ကျင့်သုံးခြင်းအားဖြင့် နောက်ထပ် အရည်အချင်းရှိသူ ေပါ်ထွန်းလာသည့်အထိ သစ္စာရှိသော ခရစ်ယာန်များ ဖြစ်ကြသည်။

# သင်ခန်းစာ ၁၂ သစ္စာရှိစွာ အသက်ရှင်ခြင်း

ပေတရုဩဝါဒစာ ဒုတိယစောင်၏
အဓိကရည်ရွယ်ချက်တစ်ခုမှာ မှားယွင်းသော သွန်သင်ချက်
များကို ဆန့်ကျင်ရန်ဖြစ်သည်။ စစ်မှန်သော ပညာသည် ေ
ယရှုခရစ်တော်အားဖြင့်ဖြစ်ကြောင်း အခန်းကြီး ၁း၂ တွင်
မိတ်ဆက်ထားသည်။ စစ်မှန်သော ပညာသည် ခရစ်တော်နှင့်
မိတ်သဟာယ ဖွဲ့ခြင်းမှလာသည်။ ( ကောလောသဲ ၁း၉-၁၀ )။
မှားယွင်းသော ပညာသည် ခရစ်တော်၏ ဘုရားသခင်ဖြစ်ခြင်းကို ငြ
င်းပယ်သော သွန်သင်ချက်များဖြစ်ပြီး ထိုသွန်သင်ချက်များသည်
ဘုရားသခင်၏ အခွင့်အာဏာ ကို ဆန့်ကျင်၍ ဘုရားသခင် ၏
ကယ်တင်ခြင်းအကြံအစည်ကို လည်း လွဲမှားစေသည်။ ဤစာအုပ်၏
အခြားရည်ရွယ်ချက်မှာ ယေရှုခရစ်တော် ၏ ဒုတိယကြွလာခြင်းနှင့်
ပတ်သက်၍ ခရစ်ယာန်များအား စိတ်ချရန်ဖြစ်သည်။ ေ
ပတရုဩဝါဒစာ ဒုတိယစောင် ၏ အဓိကရည်ရွယ်ချက်မှာ
လူသားအားလုံးကယ်တင်ခြင်းသို့ ရောက်ရန်ဖြစ်သည်။

ပေတရုဩဝါဒစာ ဒုတိယစောင်ကို ရှေမုန်ပေတရုက ေ
ရးသားခဲ့သည်။ ရှေမုန်သည် ဟေဗြဲနာမည်ဖြစ်ပြီး နောက်ပိုင်းတွင် ေ
ပတရု ( PETROS- APEBBLE) အဖြစ်ပြောင်းလဲထားသည်။ ( ေ
ယာ ၁း၄၂ )။ ပေတရုကိုယ်တိုင်က သူ့ကိုသူ အစေခံကျွန်နှင့်
တမန်တော်အဖြစ် မိတ်ဆက်ထားသည်။ ( ၂ပေ ၁း၁ )။ သူသည်
ဘုရင်နှင့် သခင်ဖြစ်သော ယေရှု၏ ကျွန်ဖြစ်သည်။။ သူသည်
ထာဝရအသက်ကို ပေးစွမ်းနိုင်သော ခရစ်တော်တည်းဟူ ေ
သာ မေရှယဖြစ်သည့် ယေရှု၏ တမန်တော်လည်းဖြစ်သည်။ ေ
ကျးဇူးတော်နှင့် ငြိမ်သက်ခြင်းသည် ယေဟောဝါဘုရားသခင်ကို
သိကျွမ်းခြင်းမှလာသော ကောင်းကြီးမင်္ဂလာဖြစ်သည်။

စာရေးသူ ပေတရု ကိုယ်တိုင်က ဤစာစောင်သည် မိမိ၏
ဩဝါဒစာမဟုတ်ပဲ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့်ဖြစ်ကြောင်း
ဖော်ပြထားသည်။ ကယ်တင်ခြင်းသည် ဘုရားသခင်၏တန်ခိုးတော်
အားဖြင့် ဖြစ်သော သတင်းကောင်းကို ယုံကြည်ခြင်းအားဖြင့်ဖြစ်သည်။
( ရောမ ၁း၁၆ )။ ထိုသတင်းကောင်းသည် လူသား အားလုံးအတွက်
ကောင်းမွန်စွာ အသက်ရှင်ရန် ပေးထားခြင်းဖြစ်သည်။ ထို့ကြောင့်
သတင်းကောင်း၏ သွန်သင် ချက်မဟုတ်သော ဩဝါဒများနှင့်
လုပ်ဆောင်ချက်များသည် ဝိညာဉ်ရေးရာ၌သော်လည်းကောင်း၊ ေ
ကာင်းသော အကျင့်အတွက်သော်လည်းကောင်း ဖျက်စီးစေသော

အရာများသာ ဖြစ်သည်။ ( ကော ၁း၁၇ )။
ယေရှုခရစ်တော်၏ သတင်းကောင်းကသာလျှင် လူသားတို့၏ ေကာင်းသောအကျင့်နှင့် ဝိညာဉ်ရေးရာ အတွက် ကောင်းကင်ဘုံသို့ ပို့ဆောင်နိုင်သည်။ ထို့ကြောင့်ဘုရားသခင်မိန့်ဆိုသည်မှာ "သင်မူကား ဝန်ခံသောသူ ရှက်ကြောက်စရာအကြောင်းမရှိပဲ၊ သမ္မာတရားကို မှန်ကန်စွာ ပိုင်းခြားတတ်သော ဆရာသမားဖြစ်လျှက်၊ ဘုရားသခင်ရှေ့ မိမိကိုယ်ကိုယ် ဆက်သခြင်းငှါ အကောင်းဆုံးကြိုးစားအားထုတ်လော့ ဟူ၍ဖြစ်သည်။ ( ၂တိ ၂း၁၅ )။ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို လေးလေးနက်နက်မစဉ်းစားသောသူနှင့် လေ့လာရန် စိတ်အားထက်သန်မှု မရှိသောသူသည် ဘုရားသခင်၏ အစေခံရန် မထိုက်သန်သောသူဖြစ်သည်။ သို့သော်လည်း ဘုရားသခင်၏ နှုတ်ကပတ်တော်ကို စိတ်အားထက်သန်စွာလေ့လာသောသူနှင့် ထိုတရား ကို မိမိအသက်တာ၌ ကျင့်သုံးသောသူသည် ရှက်ကြောက်စရာမရှိပဲ ဘုရားသခင်၏ အစေခံရန်ထိုက်သန်သော သူ ဖြ ဖစ်သည်။
ဘုရားသခင်၏နှုတ်ကပတ်တော်၌ သော်လည်းကောင်း၊ ဘုရားသခင်၌ မိမိကိုယ်ကိုယ် ဆက်ကပ်အပ်နှံ ေသာသူသည် ဘုရားသခင်၏ မွန်မြတ်သော ကတိတော်များကို ခံစားမည့်သူဖြစ်သည်။ ( ၂ပေ ၁း၄ )။ ဘုရားသခင်၏ ကတိတော်များသည် ဤလောက၏ ရွှေ၊ ငွေ နှင့် အဘယ်သူမျှ ဝယ်၍ မရနိုင်သော ကြီးမြတ်သော ကောင်းကြီးမင်္ဂလာဖြစ်သည်။ အပြစ်ကင်းမဲ့သော သိုးသူငယ် ယေရှုခရစ်တော်၏ အသွေးတော် အားဖြင့် ရွေးဝယ်ထားသူများ ဖြစ်သည်။ ထိုကောင်းကြီးမင်္ဂလာများကို ဘုရားသခင်၏ နှုတ်ကပတ်တော်၌ ရှင်သန် ကြီးထွားခြင်းအားဖြင့် ဤလောကတွင် ရနိုင်သည်။
အခန်းငယ် ၅-၇ တွင် ဘုရားသခင်၌ စုံလင်စွာ အသက်ရှင်နိုင်မည့်အကြောင်း များကို ဖော်ပြထားသည်။ လူတစ်ယောက်သည် အရာအားလုံးတို့တွင်လေးနက်စွာ လုပ်ဆောင်ရမည်ဖြစ်သည်။ အသက်တာ ရင့်ကျက်နိုင် ရန် ဘုရားသခင်နှင့်အတူ အသက်ရှင်ရမည်ဖြစ်သည်။( ၁း၅ )။ ကျွန်တော်တို့၏ အကျင့်သည် မှန်သော ပညာ၏ လမ်းပြမှုသာ ဖြ ဖစ်ရမည်။ ကျွန်တော်တို့သည် ဒေါသ ထွက်ခြင်းကို ထိန်းချုပ်ရမည်။ ထို့နောက်သည်းခံခြင်းကို ပြုစု ရမည်။ ခရစ်ယာန်တစ်ယောက်သည် ဝန်များကို ချထားခြင်း၊ သည်းခံခြင်းနှင့် ချုပ်တည်းခြင်းများရှိရမည်။ ထိုသို့ပြုလုပ်ခြင်းသည် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းနှင့် လေးစားခြင်းဖြစ်သည်။ အချင်းချင်းပေါ်တွင် သနားကြင်နာခြင်းရှိကြရမည်။ ထို့နောက် မေတ္တာဖြင့် အချင်းချင်း

ပေးကမ်းကြရမည်။ ထိုသို့ပြုလုပ်ခြင်းသည် လူတိုင်းအတွက် လိုအပ်သော ဝိညာဉ်ရေးရာနှင့် ဇာတိပိုင်းဆိုင်ရာ နှစ်ခုစလုံးကို တဖက်သတ်မေတ္တာဖြင့် ကူညီ ခြင်းဖြစ်သည်။( မသဲ ၅း၄၄၊-၄၆၊ ေရာမ ၁၂း၂၀=၂၁၊ ဂလာတိ ၆း၁၀ )။မေတ္တာသည် တစ်ဖက်လူအတွက် အကောင်းဆုံးကို လုပ်ဆောင်ပေးချင်သော ဆန္ဒဖြစ်သည်။ ခရစ်တော်သည် ကျွန်တော်တို့အား အဘယ်မျှလောက် ချစ်သည်ကို လက်ဝါးကားတိုင်ပေါ်တွင် ပြသလေပြီ။ မေတ္တာသည် ခရစ်ယာန် အသက်တာ၏ အကောင်းသော အကျင့်ဖြစ်သည်။

ထိုသို့သောအကျင့်တို့သည် ခရစ်ယာန်များ၏ ေနှစဉ်ကျင့်ဝတ်များဖြစ်သည်။( ၁း၈ )။ ထိုသို့သော အရည်အချင်းများကို ပြသခြင်းအားဖြင့် ကျွန်တော်တို့သည် ခရစ်တော်၏ ေနာက်တော်လိုက်များဖြစ်ကြောင်း ထင်ရှားစေသည်။

သို့သော် ထိုသို့သော အရည်အချင်းမရှိလျှင် မျက်ကန်းနှင့် တူညီနေသည်။ ထိုသူသည် ပတ်ဝန်းကျင် ကို မမြင်သောသူ၊ အနာဂတ်ကို မမြင်သောသူနှင့် ပျောက်ဆုံးနေသူဖြစ်သည်။ ထို့ကြောင့် လူတိုင်းသည် သတိဝိရိယ နှင့် အသက်ရှင်ကြရမည်။

သက်ဆုံးသည့်တိုင်အောင် သစ္စာရှိခြင်းသည် ကယ်တင်ခြင်းရရှိနိုင်ရန်ဖြစ်သည်။ ထိုသို့သော အရည်အချင်းများကို နေ့တိုင်းကျင့်သုံးခြင်းအားဖြင့် သူသည် ေကာင်းကင်လမ်းသို့ သွားနေသောသူဖြစ်ကြောင်း ပြသသည်။( ၁း၉-၁၁ )။ မှားယွင်းသော သွန်သင်ခြင်းသည် ခရစ်တော်ကို ြငင်းပယ်ခြင်းနှင့် မိမိကိုယ်အတွက်သာ စဉ်းစားခြင်းဖြစ်သည်။ ခရစ်ယာန်အသက်တာသည် ဘုရားသခင်ကို သိကျွမ်းခြင်း၌ ထာဝရကယ်တင်ခြင်းကို မျှော်လင့်ခြင်းဖြစ်သည်။ သင်သည် သခင်ဘုရားကို သိပါသလား။ ပို၍အရေးကြီးသည်မှာ သခင်ဘုရားက သင့်ကို သိပါသလား။ သင်သည် သူ၏ နှုတ်ကပတ်တော် သတင်းကောင်းကို နာခံခြင်းမရှိလျှင် သခင်ဘုရားသည် သင့်ကို သိမည်မဟုတ်။ ( မသဲ ၇း၂၁-၂၃ )

# သင်ခန်းစာ ၁၃ စပျစ်နွယ်ပင်နှင့် အခက်များ

ယေရှုခရစ်တော်သည် ဤကမ္ဘာပေါ်ရှိ အကြီးမြတ်ဆုံးသွန်သင်သော ဆရာဖြစ်သည်။ သူသည် ခဲယဉ်းနက်နဲသောအရာများကို လူများ လွယ်ကူစွာ နားလည်နိုင်အောင် ပြုလုပ်သည်။ သူသည် လူများကို သွန်သင်သောအခါ သဘာဝဖြစ်ပျက်သော အကြောင်းများကို အသုံးပြုလေ့ရှိသည်။ ထိုဥပမာတစ်ခုမှာ ယောဟန် အခန်းကြီး ၁၅း၁-၈ ဖြစ်သည်။

ဤနေရာတွင် ယေရှုက သူ့ကို စပျစ်နွယ်ပင်ကဲ့သို့ ခိုင်းနှိုင်းထားသည်။ ခမည်းတော်ဘုရားသခင်သည် ဥယျာဉ်မှူးဖြစ်သည်။ ယေရှု၏ တပည့်တော်များသည် စပျစ်နွယ်ပင်၏ အကိုင်းအခက်များဖြစ်ကြသည်။ ယေရှုက ငါသည် မှန်သော စပျစ်နွယ်ပင်ဖြစ်သည်ဟုဆိုသည်။ ပင်မသည် အကိုင်းအခက်များကို အသက်ပေးသောသူဖြစ် သည်။ အကိုင်းအခက်များသည် ပင်မ နှင့် ဆက်နွယ်နေမှ သာလျှင် အသက်ရှင်နိုင်သည်။ ထို့ကြောင့် ကျွန်တော်တို့သည် ယေရှုအားဖြင့်သာလျှင် ထာဝရအသက်ကို ရနိုင်သည်။

လူအများက သူတို့သည် ဘုရားသခင်ထံသို့ ရောက်နိုင်သည့်လမ်းရှိသည်ဟုကြွေးကြော်နေကြသည်။ မူဟာမတ် က ငါသည် ဘုရားသခင်၏ အကြီးမြတ်ဆုံးနှင့် နောက်ဆုံးသော ပုရောဖက်ဖြစ်သည်ဟု ဝါကြွားခဲ့ သည်။ လူသန်းပေါင်းများစွာတို့က မူဟာမတ်နောက်သို့ လိုက်နေကြသည်။ သို့သော်လည်း မူဟာမတ်သည် သေ၍ ကွယ်ပျောက်သွားသည်။ သူသည် မည်သူကိုမျှ အသက်ကို မပေးနိုင်။

ဗုဒ္ဓဘာသာတည်ထောင်သူ ဂေါတမ က သူသည် ထွက်ပေါက်တွေ့သောသူဟု ဝါကြွားခဲ့သော်လည်း မည်သူတစ်ဦးတစ်ယောက်ကိုမျှ အသက်ကို မပေးနိုင်။ ဂေါတမသည် လွန်ခဲ့သော နှစ်ပေါင်း ၂၅၀၀ ခန့်က သေဆုံးသွားပြီဖြစ်သည်။ သူသည် လူသားတစ်ဦးမျှသာဖြစ်သည်။

ယေရှုသည် သေခဲ့သော်လည်း သင်္ချိုင်းတွင် ရှိမနေတော့ပါ။ သူသည် သေခြင်းမှ ရှင်ပြန်ထမြောက်ပြီ။ ( ၁ကော ၁၅ )။ ယေရှုသည် သေခြင်းကို အောင်မြင်သူဖြစ်ပြီး ထာဝရအသက်ရှင်သူဖြစ်သည်။ ( ဗျာ ၁း၁၇-၁၈ )။ သူသည် ဤလောကကို ဖန်ဆင်းသူနှင့် အသက်ပေးသူဖြစ်သည်။ (ယော ၁း၃) သူသည် ထာဝရဖြစ်သည်။ ( ၁တိ ၁း၁၇ )။ ယေရှုသည် အသက်ကို ပေးပိုင်သူဖြစ်ကြောင်း

သင်သည် တွေးမိပါသလား။ ( ဟေဗြဲ ၅း၉ )။
ကျွန်တော်တို့သည် ယေရှုခရစ်တော်ကိုယုံကြည်၍ သူ့ကို နာခံခြင်းအားဖြင့် သာလျှင် ထာဝရအသက်ကို မြော်လင့်နိုင်သည်။ ယေရှုမိန့်တော်မူသည်မှာ “ ယေရှုက ငါသည်လမ်းခရီးဖြစ်၏။ သမ္မာတရားလည်းဖြစ်၏။ အသက်လည်းဖြစ်၏။ ငါ့ကို အမှီမပြုလျှင် အဘယ်သူမျှ ခမည်းတော်ထံသို့ မရောက်ရ။ ( ယော ၁၄း၆ )။
သက်သေခံတော်မူချက်ဟူမူကား၊ ဘုရားသခင်သည် ငါတို့အား ထာဝရအသက်ကို ပေးတော်မူ၍ ထိုအသက်သည်လည်း သားတော်၌ပါ၏။ သားတော်ကိုရသောသူသည် အသက်ကိုရ၏။ ဘုရားသခင်၏ သားတော်ကို မရသောသူမည်သည်ကား အသက်ကို မရ။ ( ၁ယော ၅း၁၁-၁၂ )။ ငါသည်စပျစ်နွယ်ပင်ဖြစ်၏။ သင်တို့သည် အခက်များဖြစ်ကြ၏။ အကြင်သူသည် ငါ၌တည်၍ ငါသည်လည်း သူ၌တည်၏။ ထိုသူသည် များစွာ သော အသီးကိုသီးတတ်၏။ ငါနှင့်ကွာလျှင် သင်တို့သည် အဘယ်အမှုကိုမျှ မတတ်နိုင်ကြ။ ( ယော ၁၅း၅ )။
ဒီကနေ့တွင် မှားယွင်းသော သွန်သင်သည့်ဆရာများက ယေရှုခရစ်တော်သည် စပျစ်နွယ်ပင်ဖြစ်ပြီး ဂိုဏ်းဂဏ အသင်းတော်များသည် အကိုင်းအခက်များဖြစ်ကြ၏ ဟု ဆိုကြသည်။ မှားယွင်းသော ဆရာများက နှစ်ခြင်းအသင်းတော်သည် စပျစ်ကိုင်းတစ်ခု၊ R.C အသင်းတော်သည် စပျစ်ကိုင်းတစ်ခု၊ စနေအသင်းတော်သည် စပျစ်ကိုင်းတစ်ခုဟု သွန်သင်နေကြသည်။ ေ ယရှုခရစ်တော်က ငါသည် မှန်သော စပျစ်နွယ်ပင်ဖြစ်ပြီး ဂိုဏ်းဂဏ အသင်းတော်များသည် အကိုင်းအခက်များဖြစ်ကြသည်ဟု မဆိုခဲ့ပါ။ ယေရှုမိန့်တော်မူသည်မှာ ( ယောဟန် ၁၅း၆ ) “ ငါ၌မတည်သောသူသည် သွေ့ခြောက်သော အခက်ကဲ့သို့ ပြင်သို့ပစ်လိုက်ခြင်းကို ခံရ၏။ ထိုသို့သော အခက်များကို လူတို့သည် စုသိမ်း၍ မီးထဲသို့ ချလိုက်ကြသဖြင့် မီးလောင်ခြင်းသို့ ရောက်ကြ၏။”
ယေရှု၏ နောက်တော်ကို လိုက်သော တပည့်တော်များသာလျှင် စပျစ်နွယ်ပင်၏ အကိုင်းအခက်များဖြစ် ပြီး ဂိုဏ်းဂဏ များသည် စပျစ်နွယ်ပင်၏ အကိုင်းအခက်များ လုံးဝ မဟုတ်ပါ။ ခရစ်ယာန်တစ်ယောက်ဖြစ်လျှင် ခရစ်တော် ( စပျစ်နွယ်ပင်) ၏ အကိုင်းအခက်တစ်ခုဖြစ်သည်။
ဘုရားသခင်သည် ဤကမ္ဘာကြီးကို ဖန်ဆင်းသောအခါ တိုးပွါးခြင်းစနစ်ကို ပေးထားသည်။ သူဖန်ဆင်း သော အရာအားလုံးတို့အား သူတို့၏ အမျိုးအလိုက် တိုးပွားရန် မိန့်တော်မူသည်။ ( ကမ္ဘာဦး ၁း၁၁-၁၂ )။ သင်သည် ခရမ်းချဉ်သီး မျိုးစေ့မှ စပျစ်သီး၊ ပဲသီး၊ ပြောင်းဖူး များ သီးနေသည်ကို ပြ

မင်ဖူးပါသလား။ မဖြစ်နိုင်ပါ။ ခရမ်းချဉ်သီးသည် ခရမ်းချဉ်သီးကိုသာ သီးနိုင်သည်။ စစ်မှန်သော စပျစ်နွယ်ပင် ခရစ်တော်သည် ခရစ်ယာန် များကို သာထုတ်လုပ်နိုင်သည်။ သူသည် နှစ်ခြင်း၊ A.G နှင့် ဧ ယဟောဝါသက်သေခံ များကို မထုတ်လုပ်နိုင်ပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်သည် မျိုးစေ့ဖြစ်သည်။ ( လုကာ ၈း၁၁ )။
 ကျွန်တော်တို့သည် ခရစ်တော်၏ မျိုးစေ့ကို ကြဲလျှင် ခရစ်တော်၏ ဧ နောက်တော်လိုက် ခရစ်ယာန်များကို သာ ထုတ်လုပ်နိုင်မည်ဖြစ်သည်။ စစ်မှန် သော၊ မပျက်ဆီးနိုင်သော ဘုရားသခင်၏ နှုတ်ကပတ်တော် မျိုးစေ့ကို ကြဲလျှင် မပျက်ဆီးနိုင်သော ခရစ်ယာန် များ သာ ထွက်ပေါ်နိုင်မည်ဖြစ်ပြီး နှစ်ခြင်း၊ အေဂျီ နှင့် ဂိုဏ်းဂဏ အသင်းတော်များ ထွက်ပေါ်လာမည်မဟုတ်။

ခရစ်တော်၏အသင်းတော်သည် ဘုရားသခင်၏ ကတိတော်အတိုင်း တည်ထောင်ခြင်းဖြစ်သည်။ ( မဿဲ ၁၆း၁၈ -၁၉ )။ ထိုအသင်းတော်သည် ခရစ်တော် ကောင်းကင်သို့ ⌐ ပန်လည်တက်ကြွပြီးနောက် ပင်တိကုတ္တိနေ့၏ ပထမနေ့ရက်တွင် တည်ထောင်သည်။ ကျွန်တော်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နာခံလျှင် ဘုရား သခင်၏ အသင်းတော်ထဲသို့ ထည့်သွင်းခြင်းခံရမည်ဖြစ်ပြီး လူ တည်ထောင်သော ဂိုဏ်းဂဏထဲတွင် ပေါင်းထည့် ခြင်း ခံရမည်မဟုတ်။ ( လုကာ ၈း၁၁၊ တမန်တော် ၂း၃၆-၃၈၊ ၄၁၊ ၄၇ )။

ယေရှုသည် မှန်သော စပျစ်နွယ်ပင်ဖြစ်သောကြောင့် အကိုင်းအခက်များလည်း မှန်သော စပျစ်သီးကို သာ သီးရမည် ⌐ ဖစ်သည်။ ( ယောဟန် ၁၅း၂ ) "ငါ၌အသီးမသီးသော အခက်ရှိသမျှတို့ကို ခုတ်ပစ်တော်မူ၏။ အသီးသီးသော အခက်ရှိသမျှတို့ကို သာ၍သီးစေခြင်းငှါ သုတ်သင်ရှင်းလင်းတော်မူ၏။"

အသီးသည် ပင်စည်မှ တိုက်ရိုက်သီးခြင်းမဟုတ်ပဲ အကိုင်းအခက်များမှ သီးသည်။ ယေရှုက လူသည် မည်ကဲ့သို့ ကယ် တင်ခြင်းရောက်နိုင်သည့်အကြောင်း ပြောထားခဲ့သည်။ ( မဿဲ ၂၈း၁၉ -၂၀၊ မာကု ၁၆း၁၅-၁၆၊ လုကာ ၂၄း ၄၆-၄၇ )။ သတင်းကောင်းကို ဟောပြောပြီးနောက် ယေရှုခရစ်တော်ကို ယုံကြည်သောသူတို့အား ဗတ္တိဇံ ပေးခြင်းသည် ကျွန်တော်တို့၏ တာဝန် ဖြစ်သည်။

အသီးမသီးသော အခက်ရှိသမျှတို့သည် ခုတ်ပစ်၍ မီးထဲသို့ ချပစ်ရမည်ဖြစ်သည်။ သတင်းကောင်းကို နာခံခြင်းအားဖြင့် ခရစ်ယာန်ဖြစ်သော်လည်း သတင်းကောင်း မဟောပြော၊ အလုပ်မလုပ်သောသူသည် ခုတ်ပစ်ခြင်းကို ခံရမည်။ ခရစ်ယာန်တို့သည် ကိုယ်စီကိုယ်စီ ဘုရားသခင်ပေးထားသော ဆုကျေးဇူးအတိုင်း ဘုရညးသခင်၏ အမှုတော်ကို ဧ

ဆောင်ရွက်ရမည်ဖြစ်သည်။

မှားယွင်းသော ဆရာတို့က ဘုရားသခင်၏ သားသမီးဖြစ်ပြီးသောသူတို့သည် ပြန်လည်၍ မရုံးဆုံး နိုင်တော့ပါဟု သွန်သင်ကြသည်။ သို့သော်လည်း ယေရှု မိန့်တော်မူသည်မှာ အသီးမသီးသော အခက်ရှိသမျှ သည် ခုတ်ပစ်ခြင်းခံရမည်ဟု ဆိုသည်။ တမန်တော်ရှင်ပေါလု က သတိပေးသည်မှာ ( ၁ကော ၁၀း၁၂ ) " ထို့ကြောင့် အကြင်သူသည် မိမိတည်ကြည်လျက်နေသည်ဟု မိမိထင်မှတ်၏။ ထိုသူသည် မလဲခြင်းငှါ သတိပြုစေ။" ထို့နောက် ရှင်ပေါလုက တစ်ချို့သောသူတို့သည် ကျေးဇူးတော်မှ ရွေ့လျော့ကြပြီဟုဆိုသည်။ ( ဂလာတိ ၅း၄ )။

ခုတ်ပစ်၍မီးရှူခြင်းခံသောအခက်များသည် အလုပ်မလုပ်၊ ပျင်းရိ သော ခရယာန်များကို ဆိုလိုခြင်းဖြစ်ပြီး ထာဝရ မီးအိုင်ထဲသို့ ချပစ်ခြင်းခံရကြမည်။ ( မသဲ ၂၅း၃၀၊ ၄၂၊၄၆၊ ဗျာ ၂၁း၈ )။
 အကိုင်းအခက်များဖြစ်ကြသော ခရစ်ယာန်တို့သည် သစ္စာရှိစွာ အသက်ရှင်ခြင်း၊ သတင်းကောင်းဟောပြောခြင်း၊ သူတစ်ပါးကို ကူညီမစခြင်း၊ များကို လုပ်ဆောင်ခြင်းအားဖြင့် ဘုရားသခင်ကို အစေခံပြီး အသီးသီးကြသည်။ လူတို့သည် သင်တို့၏ ေ ကာင်းသော အကျင့်ကို မြင်၍ ဘုရားသခင်ကို ချီးမွမ်းကြမည်။ ( မသဲ ၅း၁၆ )။ ခရစ်ယာန်တို့သည် ကောင်းသော အမှုကို ပြုရန် အဆင်သင့်ဖြစ်နေရမည်။ ( ဂလာတိ ၆း၁၀၊ တိတု ၃း၁ )။

သင်သည်ခရစ်တော်၌ စစ်မှန်သော အခက်ဖြစ်ပြီလား။ သင်သည် မဖြစ်သေးပါက ထာဝရအသက် ကို မရသေးသူဖြစ်ပါသည်။ သင်သည် ခရစ်တော်ကို ယုံကြည်ခြင်းအားဖြင့် ( ေ ယာ ၈း၂၄ )၊ အပြစ်မှ နောင်တရခြင်းဖြင့် ( လုကာ ၁၃း၃ )၊ လူများရှေ့မှောက်တွင် ခရစ်တော်ကို ဝန်ခံခြင်းဖြင့် ( မသဲ ၁၀း၃၂ )၊ ခရစ်တော်၌ ဗတ္တိဇံခံခြင်းအားဖြင့် ( မာကု ၁၆း၁၆ ) ခရစ်တော်၏အခက်ဖြစ်နိုင်သည်။ သင်သည် အခက်ဖြစ်သောလည်း ေ ကာင်းသော အသီးကို မသီးပါက ခုတ်ပစ်ခြင်းကို ခံရမည်။ သင်သည် နောင်တရ၍ ဘုရားသခင်၏ ခွင့်လွှတ်ခြင်းကို ရယူရမည်ဖြစ်သည်။ ( တမန်တော် ၈း၂၂၊ ၁ယော ၁း၆-၉ )။

လောကအတွက် သမ္မာတရား သည် အမေရိကန်နိုင်ငံ ၊Virginia ပြည်နယ်ရှိ Lebanon ၌ရှိသော Lebanon Church of Christ

၏ ဦးဆောင်မှုဖြင့် ကမ္ဘာတစ်ဝှမ်းသို့ ဧဝံဂေလိလုပ်ငန်းကို ကြိုးစား လုပ်ဆောင်နေသော အဖွဲ့အစည်းဖြစ်သည်။

ဤကဲ့သို့သော ဧဝံဂေလိလုပ်ငန်းသည် ခရစ်တော်၏ အသင်းတော်များနှင့် ခရစ်ယာန် တစ်ဦးချင်းစီ၏ စိတ်အားထက်သန်စွာ ပေးကမ်းလှူဒါန်း ခြင်းအားဖြင့် ဖြစ်သည်။


***Truth For The World***

PO Box 241

Bethel Springs, TN  38315

United States of America

*www.truthfortheworld.org*

®